# わくわくにほんご 1

# ဝခုဝခု ဂျပန်စာ



## ဆရာကိုင်သင်ရိုးညွှန်းတမ်း

/AKUWAKU NIHONGO
panese Textbook for Children

JAPANFOUNDATION CAIRO
مؤسسة اليابان بالقاهرة

JAPANFOUNDATION YANGON

# သင်ရိုးညွှန်းတမ်းအသုံးပြုပုံနှင့် သင်ကြားပို့ချပုံ

- သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ကြားပို့ချပုံနှင့် ဖတ်စာအုပ်အသုံးပြုပုံကိုရေးသားထားသည့်အရာဖြစ်ပါသည်။ စာသင်သားများ သင်ယူနိုင်မှုစွမ်းရည်အလိုက် သင့်တင့်လျော်ကပ်တော်အောင် ပြန်လည်ပြင်ဆင်မွမ်းမံပြီး အသုံးပြုပါ။

- သင်ရိုးညွှန်းတမ်းတွင်ရေးသားထားသည့်စာသင်ကြားချိန်သည် အကြမ်းဖျင်းလျာထားခြင်းသာဖြစ်ပါသည်။ Activity အချိန်များကို စာသင်သူများနှင့် သင့်တင့်လျော်ကပ်တော်အောင် ပြန်လည်ပြင်ဆင်ပါ။

- သင်ခန်းစာတိုင်းတွင် လုပ်နိုင်သည်ဟူသော Can-do ၁ ခု/ ၂ ခု ပါရှိသည်။ ထို Can-doကို ပြီးမြောက်ခြင်းသည် သင်ခန်းစာ၏ရည်ရွယ်ချက်ဖြစ်ပါသည်။ (အထူးသဖြင့် စာသင်သားများသည်) ဝေါဟာရများနှင့် သဒ္ဒါများအားလုံးကို မှတ်မိရန်မလိုပါ။

- ဖတ်စာအုပ်ကို အခြေခံအားဖြင့် အစမှ အစဉ်အလိုက်သင်ကြားသွားရန် ရေးသားပြုစုထားပါသည်။ သင်ကြားမည့်ဆရာသည် လိုသည်ထက်ပို၍ သင်ကြားခြင်းမဖြစ်မိစေရန် သတိထားကြရပါမည်။ ဖတ်စာအုပ်၏အစတွင် “Activity လုပ်ပုံလုပ်နည်း” နှင့် သင်္ကေတများ၏ ရှင်းလင်းချက်များပါရှိသည်။ Activity အတွက် ကိုးကားအနေဖြင့် အသုံးပြုပါ။

- သင်ကြားမည့်ဆရာမှ သိထားအပ်သည့် သဒ္ဒါများနှင့်ပတ်သက်၍ ရေးသားထားသော်လည်း ထိုအတိုင်း သင်ကြားရန်မလိုအပ်ပါ။ သင်ကြားမည့်ဆရာမှ သိနားလည်ထားပြီး လိုအပ်ချက်အလိုက် စာသင်သားများကို သင်ကြားနိုင်ပါသည်။

- အသံကို အကြိမ်အရေအတွက်များများ နားထောင်ခိုင်းပါ။

- စာသင်သားအချင်းချင်းအပြန်အလှန်ပြောဆိုသည့်အချိန်ကို အလေးထားပါ။

- စာသင်သားမှပြောဆိုလိုသည်များကိုပြောနိုင်လာအောင် သင်ကြားမည့်ဆရာမှ ကူညီဖေးမပေးပါ။

- ဂျပန်နိုင်ငံ၏ယဉ်ကျေးမှု၊ ဂျပန်ဘာသာစကားနှင့်ပတ်သက်သည်များကို အလုံးစုံသင်ကြားပေးရန်မလိုအပ်ပါ။ စာသင်သားမှ မိမိကိုယ်တိုင်ရှာဖွေလေ့လာခြင်းသည်လည်း အရေးကြီးပါသည်။ အင်တာနက်နှင့် လျှပ်စစ်အဘိဓာန်စသည်တို့ကို အသုံးပြုနိုင်ပါသည်။

| **သင်္ကေတ** | Activity**လုပ်ဆောင်ပုံ** |
|---|---|
|  | **အတန်းထဲမှာပြောကြမယ်**<br>ဖတ်စာအုပ်မှာရေးထားတဲ့မေးခွန်းတွေနဲ့ပတ်သက်ပြီး အတန်းထဲမှာ စဉ်းစားကြမယ်။<br>အတန်းမစခင်မှာ သွေးပူလေ့ကျင့်ခန်းအနေနဲ့အသုံးပြုမယ်။ |
|  | **နားထောင်ကြမယ်**<br>စကားပြောအသံဖိုင်ကိုနားထောင်ပြီး အကြောင်းအရာများကိုနားလည်အောင်<br>နားထောင်ကြမယ်။ |
|  | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>ဝေါဟာရအသစ်ရဲ့အဓိပ္ပာယ်ကိုကြည့်ကြမယ်။<br>အသံလည်းပါတဲ့အတွက် အသံထွက်တွေကိုလည်း နားထောင်ကြမယ်။ |
|  | **ပြောကြမယ်**<br>သင်ယူခဲ့တဲ့အကြောင်းအရာတွေကိုသုံးပြီး ကိုယ့်အကြောင်းကိုယ်ပြောကြမယ်။<br>ဆရာ၊ သူငယ်ချင်းတွေနဲ့လေ့ကျင့်ပြီး ရှေ့ထွက်ပြောကြမယ်။ |
|  | **ရေးကြမယ်**<br>လေ့လာခဲ့တဲ့အချက်အလက်တွေကိုသုံးပြီး ကိုယ့်အကြောင်းကိုယ် ရေးကျင့်ကြမယ်။ |
|  | **စဉ်းစားကြမယ်**<br>သင်ခန်းစာ ၃ကစပြီး ပါတဲ့ activity ပါ။<br>ခေါင်းစဉ်အကြောင်းအရာနဲ့ပတ်သက်တဲ့မေးခွန်းတွေကိုကြည့်ပြီး ကိုယ့်အကြောင်းကို<br>ပြန်စဉ်းစားပြီးပြောရမယ့် activity ပါ။ |
|  | **Focus on form**<br>ဂျပန်စာဖွဲ့စည်းပုံကိုရှာဖွေတွေ့ရှိရမယ့် activity ပါ။<br>အသံကိုနားထောင်ပြီးကွက်လပ်တွေကိုဖြည့်ကြမယ်။ ဂျပန်စာဖွဲ့စည်းပုံကို<br>သတိပြုကြမယ်။ |

အခန်း ၁　わたし(ကျွန်ုပ်)

Can-do 1: ဆရာနှင့် သူငယ်ချင်းတွေကို ဂျပန်လိုနှုတ်ဆက်နိုင်မယ်။

စာသင်ကြားချိန်: ၃၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | ခေါင်းစဉ်ကိုအတည်ပြုစစ်ဆေးခြင်း | • အခန်း(၁) ခေါင်းစဉ်စာမျက်နှာမှာပါတဲ့ ရုပ်ပုံတွေကို အတည်ပြုစစ်ဆေးမယ်။<br>　○ ကောင်မလေးက စကားပြောနေပါတယ်။<br>　○ ဘာပြောနေတယ်လို့ထင်ပါသလဲ။<br>• ခေါင်းစဉ်「ကျွန်ုပ်」နှင့်ပတ်သက်ပြီး သင်ယူရမယ့်အကြောင်းအရာတွေကို အတည်ပြုစစ်ဆေးပါ။ |  |
| မိနစ် | Can-do စစ်ဆေးခြင်း | • Can-do 1「ဆရာနှင့် သူငယ်ချင်းတွေကို ဂျပန်လိုနှုတ်ဆက်နိုင်မယ်။」ကို အတန်းထဲမှာ ကြည့်ကြမယ်။ |  |
| မိနစ် | သွေးပူလေ့ကျင့်ခန်း | **အတန်းထဲမှာပြောကြမယ်**<br>• ရုပ်ပုံများကို ကြည့်ရင်း ပါရှိသောအကြောင်းအရာများကို စစ်ဆေးပါ။ (မိခင်ဘာသာစကားကို အသုံးပြု၍)<br>　○ မိနတိုခွန်ဆိုတဲ့ကောင်လေး နဲ့ ဟနချန်ဆိုတဲ့ ကောင်မလေးက ဂျပန်ကနေ မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းကို ကျောင်းပြောင်းလာခဲ့ကြပါတယ်။<br>• ခန့်မှန်းကြည့်ကြမယ်။<br>　○ သူတို့နှစ်ယောက်က ပထမဆုံးပြောင်းလာတဲ့ ကျောင်းခန်းထဲမှာ အတန်းဖော်တွေကို ဘယ်လိုနှုတ်ဆက်မယ်လို့ ထင်ပါသလဲ။ |  |
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br>(နှုတ်ဆက်ဥပမာများ) |  |

| | | | |
|---|---|---|---|
| | | • အသံဖိုင်များကိုနားမထောင်ခင် P6–P7ရဲ့ရုပ်ပုံများကို ကြည့်ပြီး နားလည်သဘောပေါက်သည်များကို ကျောင်းသားများနှင့်အတူ ပြောကြည့်ကြပါမယ်။ ထို့နောက် ဘယ်လို「နှုတ်ဆက်စကား」ပြောမလဲဆိုတာကို ခန့်မှန်းကြည့်ကြပါမယ်။<br>• ဘယ်လို「နှုတ်ဆက်စကား」ပြောမလဲဆိုတာ အသံဖိုင်ကို နားထောင်ကြရအောင်（ 1−1、1−2）<br><br>【အသံဖိုင်1−1】<br>おはようございます。おはよう。<br>こんにちは。こんばんは。<br><br>【အသံဖိုင်1−2】<br>さようなら。またね。どうぞ。<br>ありがとうございます。ありがとう。<br><br>• ဝေါဟာရတွေကိုကြည့်ရင်း နောက်တစ်ကြိမ်အသံဖိုင်ကို နားထောင်ကြမယ်။<br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကို စစ်ဆေးကြမယ်။<br>• နောက်တစ်ကြိမ်အသံဖိုင်ကို နားထောင်ကြည့်ပြီး၊ အဲဒီနောက်မှာ လိုက်ပြောကြည့်မယ်။ (ဆရာမှ အသံတိုင်ပြလည်းရသလို အသံဖိုင်ကို သုံးလည်းရပါတယ်။) |  |
| မိနစ် | ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု | 【ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု】အရိုအသေပေးခြင်း<br>ဒီနေ့အတန်းမှာ 「နှုတ်ဆက်စကားပြောခြင်း」နှင့်ပတ်သက်တာတွေကို သင်ယူခဲ့ရပါတယ်။ ဂျပန်မှာ မနက်၊ နေ့လည်၊ ညနေ အချိန်ပေါ်မူတည်ပြီး နှုတ်ဆက်စကားပြောနည်း ကွဲပြားပါတယ်။ သင့်ရဲ့နိုင်ငံမှာရော ဘယ်လိုလဲ။ ဘယ်လိုမျိုးနှုတ်ဆက်ကြပါသလဲ။「ありがとう」နှင့်「ありがとうございます」၊「おはよう」နှင့်「おはようございます」တို့ရဲ့ကွဲပြားပုံကို နားလည်ခဲ့ကြရဲ့လား။ ဂျပန်မှာက မိသားစုတွေ၊ သူငယ်ချင်းတွေကို ပြောဆိုတဲ့ နှုတ်ဆက်နည်း နှင့် မိမိထက်အသက်ကြီးတဲ့သူတွေ၊ ကိုယ်နဲ့သိပ်မရင်းနှီးတဲ့သူတွေကို ပြောဆိုတဲ့နှုတ်ဆက်နည်းက မတူပါဘူး။ သင့်ရဲ့နိုင်ငံမှာရော ဘယ်လိုလဲ။ ထို့နောက် ဂျပန်မှာက |  |

| | | | |
|---|---|---|---|
| | | နှုတ်ဆက်တဲ့အချိန် အားလုံးဟာ ဦးညွှတ်လေ့ရှိကြပါတယ်။ ဒါကြောင့် အင်တာနက်မှာ 「おじぎ」ဆိုပြီး ရှာကြည့်ကြနော်။<br><br>【ဂျပန်နိုင်ငံ၏ယဉ်ကျေးမှု အကြောင်းအရာများနှင့် ပတ်သက်ပြီး စဉ်းစားကြည့်ကြမယ်】<br>（ဥပမာမေးခွန်းများ）<br>• ပါရှိသည့်အကြောင်းအရာများကို စစ်ဆေးအတည်ပြုပြီးသည့်နောက် မိမိတို့နိုင်ငံရဲ့မိတ်ဆက်စကားပြောနည်းနှင့် ပတ်သက်ပြီး ပြောကြည့်ကြမယ်။ ဘယ်လိုအချက်တွေက ဂျပန်နှင့် မိမိတို့နိုင်ငံဆင်တူပါသလဲ။ မတူတာဘာတွေရှိလဲ။<br>• နံနက်ခင်းအချိန်မှာ နှုတ်ဆက်နည်း(၂)နည်းရှိတာကို သတိပြုမိခဲ့ကြပါသလား။ အဲဒါတွေရဲ့ကွာခြားပုံက ဘာလို့ထင်ပါသလဲ။ အရိပ်အမြွက်အနေနဲ့ ရုပ်ပုံများကို ကြည့်ပြီးစဉ်းစားကြရအောင်။<br>• 「ありがとう」နဲ့「ありがとうございます」ရဲ့ကွာခြားပုံက ဘာဖြစ်နိုင်လောက်လဲ။ သင်တို့နိုင်ငံရဲ့ဘာသာစကားမှာရော တစ်ဖက်လူပေါ်မူတည်ပြီး ပြောပုံ၊ပြောနည်းကွာခြားပါသလား။<br><br>【「おじき」နှင့်ပတ်သက်ပြီး ရှာကြည့်ကြရအောင်】<br>「おじぎ」ဆိုတဲ့စကားလုံးကို အင်တာနက်မှာ ရှာကြည့်ကြရအောင်။ နောက်စာသင်ချိန်အစမှာ မိမိတို့ရှာဖွေထားတဲ့ အကြောင်းအရာနှင့်ပတ်သက်ပြီး ဝေမျှကြပါမယ်။ | |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br><br>• （１）～（４）ကို အမေးအဖြေလုပ်ကြမယ်။ သင့်တော်မယ့် နှုတ်ဆက်နည်းကို စဉ်းစားမယ်။ (လိုအပ်ချက်ပေါ်လိုက်ပြီး ဝေါဟာရများကို ကြည့်ပါ။)<br>• သူငယ်ချင်းနဲ့၂ယောက်တစ်တွဲတွဲပြီး လေ့ကျင့်ကြမယ်။<br>• အတွဲလိုက် တခြားသူငယ်ချင်းတွေရှေ့မှာ ထွက်ပြောကြည့်မယ်။ |  |

| | | | |
|---|---|---|---|
| မိနစ် | ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု | 【အတန်းတွင်း နှုတ်ဆက်နည်း】<br>• 「起立（きりつ）」「気（き）をつけ」「礼（れい）」「着席（ちゃくせき）」ကို ရှင်းပြခြင်း ဂျပန်နိုင်ငံ၏ကျောင်းများတွင် အတန်းမစခင်နှင့် အတန်းပြီးဆုံးတဲ့အခါ အတန်းခေါင်းဆောင်မှ စတင်ပြီး အတန်းသားအားလုံး ယခုလို နှုတ်ဆက်လေ့ရှိကြပါတယ်။<br>★အွန်လိုင်း နှင့် ဗီဒီယိုသင်ထောက်ကူများ（YouTubeစသဖြင့်）ကို အသုံးပြုနိုင်ပါက ဗီဒီယိုများကိုပြခြင်းများနှင့် ဓာတ်ပုံများကိုရှာပြီး အတန်းထဲတွင် ကြည့်ရှုနိုင်ပါတယ်။<br>• အတန်းထဲတွင် လေ့ကျင့်ကြပါမယ်။ |  |

Can-do 2:　သူငယ်ချင်းအသစ်တွေနဲ့ ကိုယ့်ကိုယ်ကိုလွယ်လွယ်ကူကူ မိတ်ဆက်နိုင်မယ်။

စာသင်ကြားချိန် : ၆၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေး လှုပ်ရှားမှု များ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | Can-do စစ်ဆေးခြင်း | Can-do 2「သူငယ်ချင်းအသစ်တွေနဲ့ ကိုယ့်ကိုယ်ကိုလွယ်လွယ်ကူကူ မိတ်ဆက်နိုင်မယ်။」ကို အတန်းထဲမှာ ကြည့်ကြမယ်။ |  |
| မိနစ် | အကြောင်းအရာများကို စစ်ဆေးခြင်း | • မိနတိုခွန် နှင့် ဟနချန်က အတန်းထဲမှာ မိမိကိုယ်ကို မိတ်ဆက်နေကြပါတယ်။<br>• မိမိကိုယ်ကို မိတ်ဆက်တဲ့အခါ ဘာတွေကိုပြောကြမလဲ။ (နာမည်၊ ဘယ်နှတန်းကျောင်းသားဖြစ်သလဲ စသဖြင့်) |  |
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br>• မိနတိုခွန် နှင့် ဟနချန်တို့ရဲ့ မိမိကိုယ်ကို မိတ်ဆက်တာကို နားထောင်ကြရအောင်။<br>• ဘယ်လိုပြောသွားပါသလဲ။（1-3、1-4） |  |

| | | | |
|---|---|---|---|
| | | 【အသံဖိုင်1−3】<br>こんにちは。<br>はじめまして。<br>みなとです。6 ねんせいです。<br>よろしくおねがいします。<br><br>【အသံဖိုင်1−4】<br>こんにちは。<br>はじめまして。<br>はなです。4 ねんせいです。<br>よろしくおねがいします | |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>• နံပါတ်「1မှ10အထိ」ကြည့်ကြမယ်။（ 1−5）<br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။<br><br>【ပညာသင်နှစ် နှင့် အသက်ပြောပုံပြောနည်း】<br>• ပညာသင်နှစ်နှင့်ပတ်သက်ပြီး ပြောသည့်အခါ「年生」၊ အသက်ကိုပြောသည့်အခါ「歳」ကို အသုံးပြုတယ်ဆိုတာကို စစ်ဆေးရပါမယ်။<br>• ဥပမာ။ 二年生・三年生・四年生＊（四年生ကို ပြောသည့်အခါ ထူးခြားတဲ့ ဖတ်ပုံဖတ်နည်း အနေဖြင့် よんねんせい လို့မဖတ်ရဘူးဆိုတာကို သတိပေးရန်။)<br>• အသက်ကိုပြောသည့်အခါ「歳」ကို အသုံးပြုတယ်ဆိုတာကို စစ်ဆေးရပါမယ်။<br>• ဥပမာ။ ၂နှစ်（2歳）、၃နှစ်（3 歳）、၁၀နှစ်（10歳）、၁၁နှစ်（1 1 歳） |  |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>•「はじめまして」「〇年生」「よろしくおねがいします」တို့ကို စစ်ဆေးပါမယ်။（ 1−6） |  |

| | | | |
|---|---|---|---|
| | | • အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။<br><br>★「はじめまして」က ပထမဆုံးတွေ့ဆုံတဲ့သူများနှင့်သာ အသုံးပြုသည့်ဝေါဟာရဖြစ်ပါတယ်။ | |
| | | **ဆရာတို့အတွက်မှတ်စု (သဒ္ဒါစစ်ဆေးခြင်း)**<br>• ဂျပန်ဘာသာစကားတွင် နာမ်စာကြောင်းများကို「です」ဖြင့် အဆုံးသတ်ပါတယ်။<br>ဥပမာ။ <u>はな</u>　です。（私（わたし）は　はな　です）<br><u>9歳（さい）</u>　です。 | |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br>• အသံဖိုင်ကို ဖွင့်ပြီး စကားပြောများကို နားထောင်မယ်။（1-7）<br><br>【အသံဖိုင်1-7】<br>はじめまして。<br>カウンです。<br>5ねんせいです。<br>よろしくおねがいします。<br><br>• အဓိပ္ပာယ်ကို စစ်ဆေးမယ်။<br>• စကားပြောတွေကို ဆရာနှင့်အတူ လေ့ကျင့်ကြမယ်။<br>• သူငယ်ချင်းနဲ့ ၂ယောက်တစ်တွဲ လေ့ကျင့်ကြမယ်။<br>• လုံလုံလောက်လောက်လေ့ကျင့်ပြီးသွားလျှင် အတန်းထဲက အားလုံးရှေ့မှာ ပြောကြည့်မယ်။ |  |
| မိနစ် | ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု | 【ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု】နာမည်ခေါ် ပုံခေါ်နည်း<br>• ဖတ်စာအုပ်ထဲတွင် ရေးသားထားသော အကြောင်းအရာများကို အတည်ပြုစစ်ဆေးပါမယ်။<br>　○ နာမည်ခေါ်တဲ့အခါ ယဉ်ကျေးသမှုအနေနဲ့ နာမည်အနောက်တွင်ကို「さん」 ထည့်ခေါ်လေ့ရှိပါတယ်။ |  |

| | | | |
|---|---|---|---|
| | | ○ အတန်းထဲတွင် ဆရာမှ ကျောင်းသားများကို 「さん」 ထည့်ခေါ်လေ့ရှိပါတယ်။<br>○ သူငယ်ချင်းအချင်းချင်း နာမည်မှာ「さん」「くん」「ちゃん」 ထည့်ခေါ်လေ့ရှိပါတယ်။<br>○ ဆရာကိုခေါ်တဲ့အခါ နာမည်နောက်မှာ 「せんせい」 ထည့်ခေါ်တာမျိုးလည်း ရှိပြီး ၊ အလွယ်တကူ「せんせい」ပဲ ခေါ်တာမျိုးလည်း ရှိပါတယ်။<br>• မိမိတို့နိုင်ငံနှင့် ယှဉ်ကြည့်ပြီး တူညီတဲ့အချက်တွေရယ်၊ မတူညီတဲ့အချက်တွေကို နှိုင်းယှဉ်ကြည့်တာမျိုး လုပ်လို့လည်းရပါတယ်။ | |
| မိနစ် | အတန်းထဲတွင်အသုံးပြုသော ဝေါဟာရများ | 【အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ】Roll-callခေါ်ခြင်း<br>• အသံဖိုင်ကိုနားထောင်ပြီး ဝေါဟာရတွေကို စစ်ဆေးကြည့်ကြမယ်။ (1-8)<br><br>【အသံဖိုင်1-8】<br>キンさん、いますか？<br>はい、います。<br>カウンさん、いますか？<br>いいえ、いません。（いいえ、まだです。）<br><br>• အဓိပ္ပာယ်ကို စစ်ဆေးမယ်။<br>• စကားပြောတွေကို ဆရာနှင့်အတူ လေ့ကျင့်ကြမယ်။ |  |
| မိနစ် | Focus on Form | **Focus on form**<br><br>• အသံဖိုင်ကိုနားထောင်ပြီး______မှာဖြည့်ရမယ့်ဝေါဟာရကို ရေးကြရအောင်။ (1-9)<br><br>【အသံဖိုင်1-9】<br>キンさん、いますか？<br>はい、います。<br>カウンさん、いますか？<br>いいえ、いません。（いいえ、まだです。） |  |

| | | | |
|---|---|---|---|
| | | • ကျောင်းသားတွေထံ အဖြေကိုမေးပြီး စာကြောင်းနောက်ဆုံးနားတွင် ကွာခြားမှုရှိသည်ကို သတိပြုမိအောင်လုပ်ရပါမယ်။ စည်းမျဉ်းကို ခန့်မှန်းခိုင်းရပါမယ်။ (မေးခွန်းတွင် စာကြောင်းက「か」ဖြင့် အဆုံးသတ်ပြီး၊ ဟုတ်မှန်ကြောင်းပြောကြားလိုလျှင်「ます」ဖြင့် အဆုံးသတ်ပြီး၊ မဟုတ်ကြောင်းပြောလိုလျှင်「ません」ဖြင့် အဆုံးသတ်ရပါမယ်။)<br>• စာကြောင်းတည်ဆောက်ပုံနှင့် အသုံးပြုနည်းကို သတိပြုမိအောင်လုပ်ပြီး နောက်တစ်ကြိမ်အသံဖိုင်ကို ထပ်နားထောင်ပါမယ်။ | |
| | | **ဆရာတို့အတွက်မှတ်စု （သဒ္ဒါစစ်ဆေးခြင်း)**<br>• ဂျပန်ဘာသာစကားတွင် မေးခွန်းမေးချင်တဲ့အခါ စာကြောင်းနောက်ဆုံးတွင်「か」ကို သုံးရပါမယ်။<br>ဥပမာ။ カウンさん、いますか？<br>• ဟုတ်မှန်ကြောင်းပြောကြားလိုတဲ့အခါ「はい、Verb（+）」ဖြင့် ဖြေရပါမယ်။<br>ဥပမာ။ はい、います。<br>• မဟုတ်ကြောင်းပြောလိုတဲ့အခါ「いいえ、Verb（−）」ဖြင့် ဖြေရပါမယ်။<br>ဥပမာ။ いいえ、いません。<br>• います（+）→いません（−） | |
| မိနစ် | အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ | 【အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ】မေးခွန်းမေးချင်တဲ့အခါ<br>• ရုပ်ပုံများကို ကြည့်ရင်း ဘယ်လိုအကြောင်းအရာမျိုးလဲဆိုတာ ခန့်မှန်းကြည့်ပါမယ်။<br>○ လက်ထောင်ပြီး ဆရာကို မေးခွန်းမေးနေသော ပုံစံ<br>• အသံဖိုင်ကိုနားထောင်ပြီး ဝေါဟာရတွေကို စစ်ဆေးကြည့်ကြမယ်။<br>（ 1-10） |  |

【အသံဖိုင်1−10】

せんせい、すみません。

- အဓိပ္ပာယ်ကို စစ်ဆေးမယ်။
- စကားပြောတွေကို ဆရာနှင့်အတူ လေ့ကျင့်ကြမယ်။

【အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ】 အတန်းနောက်ကျတဲ့အခါ

- ရုပ်ပုံများကို ကြည့်ရင်း ဘယ်လိုအကြောင်းအရာမျိုးလဲဆိုတာ ခန့်မှန်းကြည့်ပါမယ်။
  - ကောင်မလေးက အလျင်လိုနေတဲ့ ပုံစံ

- အသံဖိုင်ကိုနားထောင်ပြီး ဝေါဟာရတွေကို စစ်ဆေးကြည့်ကြမယ်။

  （1−11）

【အသံဖိုင်1−11】

すみません！

- အဓိပ္ပာယ်ကို စစ်ဆေးမယ်။
- စကားပြောတွေကို ဆရာနှင့်အတူ လေ့ကျင့်ကြမယ်။

【အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ】 အခန်းထဲ ဝင်တဲ့အခါ



- ရုပ်ပုံများကို ကြည့်ရင်း ဘယ်လိုအကြောင်းအရာမျိုးလဲဆိုတာ ခန့်မှန်းကြည့်ပါမယ်။
- အသံဖိုင်ကိုနားထောင်ပြီး ဝေါဟာရတွေကို စစ်ဆေးကြည့်ကြမယ်။

  （1−12）
  - ကောင်လေးက အခန်းတံခါးခေါက်နေပြီး စာသင်ခန်းထဲသို့ မဝင်ခင်အခြေအနေ

【အသံဖိုင်1−12】

（ノック） しつれいします。

- အဓိပ္ပာယ်ကို စစ်ဆေးမယ်။
- စကားပြောတွေကို ဆရာနှင့်အတူ လေ့ကျင့်ကြမယ်။

| | | | |
|---|---|---|---|
| | အတန်း ထဲတွင် အသုံးပြုသော ဝေါဟာရများ | 【အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများ】P13<br>• ကိုးကားရန် အတန်းထဲတွင် အသုံးပြုသော ဝေါဟာရများကို ဖော်ပြပေးထားပါတယ်။<br>• သင့်တော်ပြီးလိုအပ်သော ဝေါဟာရများကို ရွေးချယ်ကာ စာသင်ခန်းအတွင်း တတ်နိုင်သမျှ ဂျပန်ဘာသာစကားကိုသာ အသုံးပြုသော ပတ်ဝန်းကျင်တစ်ခု ပြုလုပ်ကြရအောင်။（ 1-13) |  |
| မိနစ် | Can-do Check | • ယနေ့အတန်း၏ ရည်ရွယ်ချက် (Can-do) ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးကြမယ်။<br>○ Can-doကိုဖတ်ပြီး ☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။<br>• အချိန်ပိုလျှင်「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」「သတိပြုမိတဲ့အချက်」「ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」「ပိုပြီးသိချင်တဲ့အကြောင်းအရာ」 စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ |  |
| မိနစ် | ပြန်လှန် လေ့ကျင့်ခြင်း ! | • 「ပြန်လှန်လေ့ကျင့်ခြင်း ! 」 ကို သင်ယူလေ့လာခဲ့သည်များအား ပြန်လည်လေ့ကျင့်ရန်သည့်အခါတွင် အသုံးပြုပေးပါ။<br>○ အတန်းချိန်ပြီးပြီးချင်း ပြန်လည်ဆန်းစစ်ခြင်းနှင့် နောက်အတန်းချိန်အစတွင် ပြန်လှန်လေ့ကျင့်ခြင်းအတွက် အသုံးပြုနိုင်ပါတယ်။ |  |

အခန်း ၂　にほんごのもじ (ဂျပန်စာလုံးများ)

Can-do 3:　ဟိရဂနနဲ့ခတခနကိုဖတ်နိုင်မယ်။

စာသင်ကြားချိန်：၇၀ မိနစ် （ခန့်မှန်း）

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | Can-do စစ်ဆေးခြင်း | Can-do 3「ဟိရဂနနဲ့ခတခနကိုဖတ်နိုင်မယ်」 ကို အတန်းထဲမှာ ကြည့်ကြမယ်။ |   |
| မိနစ် | အတန်းထဲမှာ ပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• ဂျပန်စာလုံးများတွင် ဟိရဂန၊ ခတခနနဲ့ ခန်းဂျိ ဆိုပြီး အမျိုးအစား ၃ မျိုးရှိပြီး ရိုမဂျိလည်း အသုံးပြုတဲ့အကြောင်းကိုရှင်းပြမယ်။<br>• ရာမန်ခေါက်ဆွဲရဲ့ပိုစတာကိုကြည့်ပြီး ဘယ်စာလုံးတွေက ဟိရဂန၊ ခတခန၊ ခန်းဂျိ၊ ရိုမဂျိတွေဖြစ်ကြမလဲဆိုတာ စဉ်းစားမယ်။<br>• ၂ ယောက် ၁ တွဲ တိုင်ပင်ကြပြီး၊ အတန်းထဲမှာ မိမိခန့်မှန်းထားတာကို ထုတ်ပြောတာမျိုး လုပ်ခိုင်းလို့လည်းရပါတယ်။ |  |
| မိနစ် | အတန်းထဲမှာ ပြောကြမယ် | • အတန်းထဲမှာ ရာမန်ခေါက်ဆွဲရဲ့ပိုစတာထဲက စာလုံးတွေကို ကြည့်ကြမယ်။<br>• ပိုစတာထဲကစာလုံးတွေက ဘာလဲဆိုတာ စာသင်သားတွေကို ဖြေခိုင်းမယ်။<br>• ဟိရဂန၊ ခတခနနဲ့ ခန်းဂျိတို့ရဲ့မတူကွဲပြားမှုကို သတိထားမိလာကြရင် 「祭り」 ရဲ့ပိုစတာကိုအသုံးပြုပြီး လေ့ကျင့်ကြမယ်။<br>• ၂ ယောက် ၁ တွဲ သို့မဟုတ် ဂရုလိုက်အချင်းချင်း တိုင်ပင်ကြပြီး အတန်းထဲမှာ ထုတ်ပြောကြမယ်။ |  |

| | | | |
|---|---|---|---|
| မိနစ် | နားထောင်ကြမယ် | • Can-do 3 ကို အကြမ်းဖျင်း စစ်ဆေးကြည့်ကြမယ်။<br>ဟိရဂနနဲ့ခတခနကိုဖတ်နိုင်မယ်။<br><br>ပထမဦးစွာ ဟိရဂနကို လေ့ကျင့်ကြမယ်။<br>**နားထောင်ကြမယ်**<br>• ဟိရဂနရဲ့အသံထွက်တွေကို နားထောင်ကြမယ်။<br>（2-1 ～2-10）<br>（2-11～2-13）<br>（2-14～2-15）<br>（2-16～2-22）<br>（2-23～2-26）<br><br>• နောက်တကြိမ် အသံကိုဖွင့်ပြီး လိုက်ပြောကြည့်ကြမယ်။<br>★ အတန်းချိန် ၁ ချိန်တည်းနဲ့ မမှတ်မိနိုင်တဲ့အတွက် အလွတ်ကျက်မှတ်စရာမလိုပါ။ ဂျပန်စာမှာ ဟိရဂန ရှိတယ်ဆိုတာကို သတိထားမိရင် ရပါပြီ။ စာလုံးအရေအတွက်များတဲ့အတွက် ခွဲပြီးသင်လို့လည်းရပါတယ်။<br><br>• Marugoto Plusဝက်ဘ်ဆိုဒ်ရဲ့QR Codeရှိတယ်ဆိုတာကို ပြောပြပေးမယ်။ အင်တာနက်သုံးလို့ရရင် အတန်းထဲမှာ အတူတူဝင်ကြည့်လို့လည်းရပါတယ်။ စာသင်သားတွေရဲ့ ဖုန်းကနေဝင်ကြည့်လို့လည်းရပါတယ်။<br>နားထောင်ကြမယ်။<br><br>※ဝက်ဘ်ဆိုဒ်ကို အောက်ပါလင့်ကနေ ဝင်ကြည့်လို့ရပါတယ်။<br>https://a1.marugotoweb.jp/ja/hiragana.php | <br> |
| မိနစ် | ဖတ်ကြည့်ကြမယ် | **ဖတ်ကြည့်ကြမယ်**<br><br>• ရုပ်ပုံတွေကိုကြည့်ကြမယ်။<br>• ဟိရဂနဇယားကိုကြည့်ရင်း「ဖတ်ကြည့်ကြမယ်」မှာရေးထားတဲ့ ဝေါဟာရတွေကို စာသင်သားတွေပဲ အရင်ဖတ်ကြမယ်။ ၂ ယောက် ၁ တွဲ ဖတ်လို့လည်းရပါတယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။ （2-27） |  |

| | | | |
|---|---|---|---|
| | | 【အသံဖိုင် 2－27】<br>すし・さかな・しんかんせん・せんせい・ともだち<br>こんばんは・とうきょう・がっこう<br><br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကိုကြည့်ကြမယ်။<br>• နောက်တကြိမ်နားထောင်ပြီး လိုက်ပြောကြည့်မယ်။<br><br>သတိပြုရန် : 【ရေးပုံရေးနည်းကွာခြားချက်】<br>အချို့သောဝေါဟာရများသည် အသံထွက်နှင့် ရေးပုံရေးနည်း မတူကြသည်များရှိပါတယ်။<br>• 「せんせい」ဟုရေးပြီး「Sensee」ဟု ဖတ်ပါတယ်။<br>• 「がっこう」ဟုရေးပြီး 「Gakkoo」ဟု ဖတ်ပါတယ်။<br>• 「がっこう」၏「っ」သည် မြန်မာဘာသာရဲ့ဘာနဲ့တူပါသလဲ။<br>• 「とうきょう」ရဲ့「きょ」သည် မြန်မာဘာသာမှာ ရှိပါသလား။<br><br>★အသေးစိတ်ရှင်းပြရန်မလိုသောကြောင့် အရေးစာလုံးနဲ့ အပြောစာလုံးရဲ့ရေးပုံရေးနည်း မတူသည်ကို သတိထားမိရင် ရပါတယ်။<br>★အသံထွက်ဖော်ပြပုံမှာ အပြောစာလုံးအတိုင်းဖော်ပြပါတယ်။ | |
| မိနစ် | နားထောင်ကြမယ် | • Can-do 3 ကို အကြမ်းဖျင်း စစ်ဆေးကြည့်ကြမယ်။<br>ဟိရဂနနဲ့ခတခနကိုဖတ်နိုင်မယ်။<br>ဆက်လက်ပြီး ခတခနကို လေ့ကျင့်ကြမယ်။<br><br>**နားထောင်ကြမယ်**<br><br>ခတခနရဲ့အသံထွက်တွေကို နားထောင်ကြမယ်။<br>( 2-1 ～2-10)<br>( 2-11～2-13)<br>( 2-14～2-15)<br>( 2-16～2-22)<br>( 2-23～2-26)<br><br>• နောက်တကြိမ် အသံကိုဖွင့်ပြီး လိုက်ပြောကြည့်ကြမယ်။ | <br> |

| | | | |
|---|---|---|---|
| | | ★အတန်းချိန် ၁ ချိန်တည်းနဲ့ မမှတ်မိနိုင်တဲ့အတွက် အလွတ်ကျက်မှတ်စရာမလိုပါ။ စာလုံးအရေအတွက်များတဲ့အတွက် ခွဲပြီးသင်လို့လည်းရပါတယ်။<br><br>• Marugoto Plus ဝက်ဘ်ဆိုဒ်ရဲ့ QR Codeရှိတယ်ဆိုတာကို ပြောပြပေးမယ်။ အင်တာနက်သုံးလို့ရရင် အတန်းထဲမှာ အတူတူဝင်ကြည့်လို့လည်းရပါတယ်။ စာသင်သားတွေရဲ့ ဖုန်းကနေဝင်ကြည့်လို့လည်းရပါတယ်။<br>နားထောင်ကြမယ်။<br><br>※ဝက်ဘ်ဆိုဒ်ကို အောက်ပါလင့်ကနေ ဝင်ကြည့်လို့ရပါတယ်။<br>https://a1.marugotoweb.jp/ja/hiragana.php |  |
| မိနစ် | ဖတ်ကြည့်ကြမယ် | **ဖတ်ကြည့်ကြမယ်**<br><br>• ရုပ်ပုံတွေကိုကြည့်ကြမယ်။<br>• ခတခနဇယားကိုကြည့်ရင်း「ဖတ်ကြည့်ကြမယ်」မှာရေးထားတဲ့ ဝေါဟာရတွေကို စာသင်သားတွေပဲ အရင်ဖတ်ကြည့်ကြမယ်။ ၂ ယောက် ၁ တွဲ ဖတ်လို့လည်းရပါတယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။<br>( 2-29)<br><br>【အသံဖိုင် 2-29】<br>アイス・ケーキ・パン・ハンバーガー<br>ラペットゥ・ポテトチップス・ジュース・ライオン<br><br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကိုကြည့်ကြမယ်။<br>• နောက်တကြိမ်နားထောင်ပြီး လိုက်ပြောကြည့်မယ်။ |  |
| မိနစ် | ဂျပန်စာရေးပုံရေးနည်း | ဂျပန်စာရေးပုံရေးနည်း<br><br>• စာ ၂ စောင်ကိုကြည့်ပြီး ရေးပုံရေးနည်းမှာ မတူကွဲပြားမှုရှိမရှိကို စာသင်သားတွေကို စဉ်းစားခိုင်းပါ။ စာသင်သား ၃၊ ၄ ယောက်ကို ဖြေခိုင်းလည်းရပါတယ်။ |  |

| | | | |
|---|---|---|---|
| | | • ဂျပန်စာတွင် "အလျားလိုက်ရေးခြင်း" နဲ့ "ဒေါင်လိုက်ရေးခြင်း" ရှိတယ်ဆိုတာကို ရှင်းပြပေးမယ်။<br>• ကိုယ့်နိုင်ငံရဲ့စာလုံးတွေနဲ့ နှိုင်းယှဉ်ကြည့်ပြီး တူညီမှု၊ ကွဲပြားမှုရှိမရှိကို စဉ်းစားကြမယ်။ စာသင်သား ၃၊ ၄ ယောက်ကို မေးမြန်းခိုင်းလည်းရပါတယ်။<br>• စာထဲမှာရေးထားတဲ့အကြောင်းအရာတွေကို ကြည့်ကြမယ်။ (မိခင်ဘာသာစကားဖြင့်)<br>• စာရဲ့ဘာသာပြန်ကိုကြည့်ရင်း အသံဖိုင်ကိုနားထောင်မယ်။ ( 2-30) | |

အခန်း၂　にほんごのもじ(ဂျပန်စာလုံးများ)

Can-do 4:　မိမိနာမည်နဲ့ပတ်ဝန်းကျင်ကလူတွေရဲ့နာမည်ကို ခတခနနဲ့ရေးနိုင်မယ်။

စာသင်ကြားချိန်: ၄၅မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | Can-do စစ်ဆေးခြင်း | Can-do 4「မိမိနာမည်နဲ့ပတ်ဝန်းကျင်ကလူတွေရဲ့နာမည်ကို ခတခနနဲ့ရေးနိုင်မယ်။」ကို အတန်းထဲမှာကြည့်ကြမယ်။ |  |
| မိနစ် | အတန်းထဲမှာ ပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• မိနတိုခွန်ရဲ့နာမည်ကိုကြည့်ကြမယ်။ ဒီရုပ်ပုံမှာ သတိထားမိတဲ့အရာ ရှိပါသလား။ အရိပ်အမြွက်ပြောပြခိုင်းလို့ရပါတယ်။<br>အရိပ်အမြွက်ဥပမာ)<br>ဂျပန်လိုနဲ့ မြန်မာလိုမှာ business cardတွင် နာမည်ရေးပုံရေးနည်း မတူတာရှိပါသလား။ (ဂျပန်လူမျိုးတွေက အရင်ဦးဆုံး မျိုးရိုးနာမည်ကိုပြောပြီး အနောက်မှာ ကိုယ့်ရဲ့နာမည်ကိုပြောပါတယ်။ မြန်မာမှာ မျိုးရိုးနာမည်မရှိတဲ့သူတွေလည်းရှိပါတယ်) |  |

| | | | |
|---|---|---|---|
| | | • ၂ ယောက် ၁ တွဲ ကိုယ်သတိထားမိတာတွေကို အချင်းချင်း ဖလှယ်ကြမယ်။<br>• အတန်းထဲမှာ အဖွဲ့ ၃၊ ၄ ဖွဲ့လောက် မိမိတို့ဆွေးနွေးခဲ့တာတွေကို ထုတ်ပြောကြမယ်။<br><br>• ဟိရဂနအပြင် ခန်းဂျိ၊ ခတခန၊ ရိုမဂျိနဲ့ လည်း နာမည်ရေးနိုင်ကြလားဆိုတာ လိုက်ကြည့်မယ်။ | |
| မိနစ် | | • ခတခနနဲ့ရေးထားတဲ့ ဝေါဟာရတွေကို ကြည့်ကြမယ်။<br>• ခတခနကိုသုံးပြီး ဘယ်လိုစာလုံးတွေရေးနိုင်မလဲ။<br>• အရိပ်အမြွက်ပြောပြလို့ရပါတယ်။<br>အရိပ်အမြွက်ဥပမာ)<br>ဝေါဟာရတွေဖြစ်ပေါ်လာပုံကိုစဉ်းစားကြည့်ကြမယ်။<br><br>**ဆရာတို့အတွက်မှတ်စု**<br>ခတခန ကို နာမည်နဲ့ မွေးစားစကားလုံးတွေရေးတဲ့အချိန်မှာသုံးပါတယ်။ ဂျပန်နာမည်နဲ့ ဂျပန်နိုင်ငံကပေါက်ဖွားလာတဲ့စာလုံးတွေကို ခန်းဂျိ၊ ဟိရဂနတို့နဲ့ ဖော်ပြပါတယ်။ |  |
| မိနစ် | ရေးကြမယ် | **နာမည်အမျိုးမျိုး**<br><br>• ခတခနဖြင့်ရေးထားသည့် မြန်မာလူမျိုးများ၏နာမည် အမျိုးမျိုးကို ဖတ်ကြည့်ကြမယ်။<br>• ခတခနဇယားကိုအသုံးပြုပြီး နာမည်မှာအသုံးပြုထားသည့် ခတခနစာလုံးများကို ရှာကြည့်ကြမယ်။<br>**ရေးကြမယ်**<br>• ခတခနဇယားကိုအသုံးပြုပြီး စာအုပ်မှာ ကိုယ့်နာမည်ကို ခတခနဖြင့်ရေးကြည့်ကြမယ်။<br>• စောစောပြီးသွားရင် သူငယ်ချင်းနဲ့ မိသားစုဝင်တွေ၊ ဆရာရဲ့နာမည်ကို ရေးကြည့်ကြဖို့ ပြောပါ။ | <br><br><br> |

| | | | |
|---|---|---|---|
| မိနစ် | Can-do<br>Check | • ယနေ့အတန်း၏ ရည်ရွယ်ချက် (Can-do) ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးကြမယ်။<br>○ Can-doကိုဖတ်ပြီး ☆ဘယ်နှလုံးရလဲ မေးကြမယ်။ မိမိကိုယ်ကို ပြန်လည်သုံးသပ်ကြမယ်။<br>○ ဇယားကိုကြည့်ရင်း ခတခနနဲ့ ဟိရဂနဖြင့်ရေးထားတဲ့ စာလုံးတွေကိုဖတ်နိုင်ပြီလား။<br>○ ကိုယ့်နာမည်ကို ခတခနနဲ့ ရေးနိုင်ပြီလား။<br><br>အချိန်ပိုလျှင်<br>「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」 「သတိပြုမိတဲ့အချက်」<br>「 ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」 「ပိုပြီးသိချင်တဲ့အကြောင်းအရာ」<br>စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ |  |
| မိနစ် | ပြန်လှန်လေ့<br>ကျင့်ခြင်း ! | • 「ပြန်လှန်လေ့ကျင့်ခြင်း ! 」 ကို သင်ယူလေ့လာခဲ့သည်များအား ပြန်လည်လေ့ကျင့်ရန်သည့်အခါတွင် အသုံးပြုပေးပါ။<br>အတန်းချိန်ပြီးပြီးချင်း ပြန်လည်ဆန်းစစ်ခြင်းနှင့်<br>နောက်အတန်းချိန်အစတွင် ပြန်လှန်လေ့ကျင့်ခြင်းအတွက်<br>အသုံးပြုနိုင်ပါတယ်။ |  |
| မိနစ် | ဂျပန်နိုင်ငံ၏<br>ယဉ်ကျေးမှု | • 「ဂျပန်စာလုံးများ」 နှင့်ပတ်သက်ပြီးရေးသားထားသည့်အပိုင်းကို ဖတ်ကြည့်ခိုင်းမယ်။<br>• အင်တာနက်သုံးလို့ရရင် ဗီဒီယိုကြည့်ခြင်းနဲ့ အတန်းထဲမှာ ရှာကြည့်ခြင်းတို့ လုပ်လို့ရပါတယ်။<br>• ဒါမှမဟုတ် အိမ်စာအနေနဲ့ပေးပြီး နောက်အတန်းချိန်မှာ ကိုယ်ရှာလာတာကို ထုတ်ပြောခိုင်းလို့လည်း ရပါတယ်။ |  |

အခန်း ၃　わたしのまち　(ကျွန်ုပ်ရဲ့မြို့)

Can-do 5　မိမိရဲ့မြို့အကြောင်းကို ဂျပန်လို လွယ်လွယ်ကူကူ ပြောပြနိုင်လာမယ်

စာသင်ကြားချိန် : ၆၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | Can-do<br>စစ်ဆေးခြင်း | • ယနေ့အတွက် ခေါင်းစဉ်「ကျွန်ုပ်ရဲ့မြို့」နှင့် Can-do 5ကို အတန်းထဲမှာ ကြည့်ကြမယ်။ |  |
| မိနစ် | အတန်းထဲမှာ<br>ပြောကြမယ်<br><br><br>စဉ်းစားကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• ပုံတွေကိုကြည့်ပြီး အကြောင်းအရာကို အတည်ပြုမယ်။<br>• မေးခွန်းတွေကတဆင့် ပြောထွက်လာအောင် ဆွဲခေါ်ပါမယ်။<br>(မိခင်ဘာသာစကားဖြင့်) ｡<br>○ ပုံထဲမှာ ဘယ်သူတွေပါလဲ။<br>○ ဟနချန်က ဘာလုပ်နေပါသလဲ။<br>(ဖုန်းကိုပြပြီး ပြောပါမယ်)<br>○ ဘယ်လိုအကြောင်းအရာနဲ့ပတ်သက်ပြီး ပြောနေတယ်လို့ ထင်ပါသလဲ။<br><br>**စဉ်းစားကြမယ်**<br>• ကလေးတို့ရော ဘယ်လိုထင်ပါသလဲ။ လက်ရှိနေနေတဲ့မြို့မှာ မိတ်ဆက်ပေးချင်တဲ့နေရာ၊ နာမည်ကြီးတဲ့နေရာတွေ ရှိပါသလား။<br>• ဒီနေ့မှာတော့ ကျွန်ုပ်ရဲ့မြို့အကြောင်းကို ဂျပန်လို မိတ်ဆက်တတ်အောင် လေ့ကျင့်ကြမယ်။ |  |
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br>(ဥပမာ)<br>• ဒီမှာ မြေပုံတစ်ပုံရှိပါတယ်။ ဂျပန်က ဘယ်နေရာမှာ ရှိပါသလဲ။<br>(ကြယ်နီ-မြန်မာ・ကြယ်ဝါ-ဂျပန်)<br>• ဒါက ဂျပန်မြေပုံဖြစ်ပါတယ်။<br>• ဓာတ်ပုံ ၄ပုံ ရှိပါတယ်။ ဒါတွေက ဘယ်နေရာတွေဖြစ်ပါသလဲ။ နားထောင်ကြရအောင်။ ( 3-1) |  |

| | | | | |
|---|---|---|---|---|
| | | 【အသံဖိုင် 3-1】<br>とうきょう・とうきょうです<br>おおさか・おおさかです<br>きょうと・きょうとです<br>なは・なはです<br><br>• ဓာတ်ပုံကိုကြည့်ရအောင်။ တစ်ပုံချင်းစီမှာ ဘာတွေပါနေပါသလဲ။<br><br>နောက်ထပ်အသံဖိုင်ကို နားထောင်ကြရအောင်။<br>• မြို့တစ်မြို့စီဟာ ဘယ်လိုမြို့ဖြစ်ပါသလဲ။ နားထောင်ကြရအောင်။<br>( 3-2)<br>【အသံဖိုင် 3-2】<br>とうきょうです。とうきょうは にぎやかです。<br>おおさかです。おおさかは おおきいです。<br>きょうとです。きょうとは ふるいです。<br>なはです。なはは きれいです。 | | |
| | | **ဆရာတို့အတွက်မှတ်စု**<br><br>**သဒ္ဒါ**「Nは Adjective です」<br>နာမဝိသေသနကိုသုံးပြီး နာမ်၏အခြေအနေကို ရှင်းပြသည့် သဒ္ဒါဖြစ်ပါတယ်။<br>・Tookyoo wa ookii desu<br>・Oosaka wa nigiyaka desu<br>・Shuedagon pagoda wa yuumee desu<br><br>**နောက်တစ်ဆင့် !**<br>ဂျပန်ဘာသာရဲ့နာမဝိသေသနမှာ「い形容詞」နဲ့「な形容詞」ဆိုပြီး ရှိပါတယ်။<br>• **い形容詞**<br>o Takai (Tall)<br>o Hikui (Low)<br>o Ookii (Big)<br>o Chiisai (Small)<br>o Atarashii (New)<br>o Furui (Old)<br>ဥပမာကြည့်ရအောင် (I-Adjective＋Noun)<br>o Takai Biru Tall bulding<br>o Hikui Ki Low Tree<br>o Ookii Zoo Big Elephant<br>o Atarashii Machi New City<br>o Furui Apaato Old Apartment | | |

နောက်ပြီး い形容詞 ကို အောက်ကလိုမျိုးအသုံးပြုပါတယ်။

| | Non-Past | Past |
|---|---|---|
| Affirmative | I-Adj+desu<br>Ookii desu<br>Chiisai desu<br>Atarashii desu<br>Furui desu<br>Takai desu | I-Adj+kattadesu<br>Ookikatta desu<br>Chiisakatta desu<br>Atarashikatta desu<br>Furukatta desu<br>Takakatta desu |
| Negative | I-Adj+kunaidesu<br>Ookikunai desu<br>Chiisakunai desu<br>Atarashikunai desu<br>Furukunai desu<br>Takakunai desu | I-Adj+kunakattadesu<br>Ookikunakatta desu<br>Chiisakunakatta desu<br>Atarashikunakatta desu<br>Furukunakatta desu<br>Takakunakatta desu |

**な形容詞**（けいようし）：にぎやか（な）・有名（ゆうめい）（な）・きれい*

*「きれい」ကတော့ ခြွင်းချက်အနေနဲ့ な形容詞（けいようし）

- な形容詞（けいようし） (Na-Adjectives)
  - Nigiyaka(na)
  - Shizuka(na)
  - Yuumee(na)
  - Genki(na)
  - Kiree(na)

ဥပမာကြည့်ကြရအောင် (Na-Adjective+Noun)

- Nigiyakana Machi
- Shizukana Yoru
- Yuumeena Kashu
- Genkina Sensee
- Kireina Keshiki

な形容詞（けいようし）ကို အောက်ပါအတိုင်း အသုံးပြုပါတယ်။

| | Non-Past | Past |
|---|---|---|
| Affirmative | Na-Adj+desu<br>Nigiyaka desu<br>Shizuka desu<br>Yuumee desu<br>Genki desu<br>Kiree desu* | Na-Adj+deshita<br>Nigiyaka deshita<br>Shizuka deshita<br>Yuumee deshita<br>Genki deshita<br>Kiree deshita* |

<table>
<tr>
<td></td>
<td></td>
<td>
<table>
<tr>
<td rowspan="1">Negative</td>
<td>Na-Adj＋janaidesu<br>Nigiyaka janai desu<br>Shizuka janai desu<br>Yuumee janai desu<br>Genki janai desu<br>Kiree janai desu*</td>
<td>Na-Adj＋janakattadesu<br>Nigiyaka janakatta desu<br>Shizuka janakatta desu<br>Yuumee janakatta desu<br>Genki janakatta desu<br>Kiree janakatta desu*</td>
</tr>
</table>
</td>
<td></td>
</tr>
<tr>
<td>မိနစ်</td>
<td>ဝေါဟာရတွေကို ကြည့်ကြမယ်<br><br>ရေးကြမယ်</td>
<td>ဝေါဟာရတွေကို ကြည့်ကြမယ်<br>• ဝေါဟာရတွေကို ကြည့်ကြရအောင်။ နားထောင်ပြီး ကြားလိုက်ရတဲ့ဝေါဟာရကို ကြည့်ကြည့်ကြမယ်။ （ 3-3）<br><br>【အသံဖိုင် 3-3】<br>きれい・ふるい・おおきい・にぎやか<br><br>• နောက်တစ်ကြိမ်နားထောင်ကြမယ်။ （ 3-3）<br><br>ရေးကြမယ်<br>လေ့ကျင့်ခန်းလုပ်ကြမယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး မှတ်စုစာအုပ်ထဲမှာ အဖြေကို ချရေးကြမယ်။ （ 3-4）<br><br>【အသံဖိုင် 3-4】<br>とうきょうは にぎやかです。<br>おおさかは おおきいです。<br>きょうとは ふるいです。<br>なはは きれいです。<br><br>• အသံဖိုင်ကို ဖွင့်ပြမည့်အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br>• အတန်းထဲတွင် အဖြေတိုက်ကြမယ်။</td>
<td></td>
</tr>
</table>

| | | | |
|---|---|---|---|
| မိနစ် | ဂျပန်ယဉ်ကျေးမှု | 「**ဂျပန်နိုင်ငံ၏ မြို့များ**」<br>• ဂျပန်နိုင်ငံရဲ့မြို့တော်ကို သိပါသလား။<br>• ဂျပန်နိုင်ငံရဲ့ မြို့တော်ကတော့ "တိုကျို" ဖြစ်ပါတယ်။ အင်မတန်ကြီးမားပြီး စည်ကားတဲ့မြို့ဖြစ်ပါတယ်။<br>• ကျိုတိုကတော့ မြို့ဟောင်းဖြစ်ပြီး သမိုင်းဝင်အဆောက်အအုံတွေ အများကြီးရှိပါတယ်။<br>• နဟာကတော့ အရမ်းလှတဲ့ပင်လယ်ရှိတဲ့ မြို့ဖြစ်ပါတယ်။<br><br>★အွန်လိုင်းအတန်း သို့မဟုတ် ဗီဒီယိုများ (YouTubeစသည်)တို့ကို အသုံးပြုနိုင်သည့် အခြေအနေဖြစ်ပါက ဂျပန်နိုင်ငံရှိ မြို့များကို ဗီဒီယိုဖွင့်ပြခြင်း၊ ဓာတ်ပုံများကို ရှာကြည့်ခြင်းများ ပြုလုပ်ကြည့်ပါ။<br><br>• မြန်မာနိုင်ငံမှာရော ဘယ်လိုမြို့တွေ ရှိပါသလဲ။ |  |
| မိနစ် | နားထောင်ကြမယ် | နားထောင်**ကြမယ်**<br>(ဥပမာ)<br>• အခုလေးတင် ဂျပန်နိုင်ငံရဲ့မြို့တွေအကြောင်းကို လေ့လာခဲ့ပြီးပါပြီ။<br>• ဆက်လက်ပြီး မိမိနေထိုင်တဲ့မြို့နဲ့ ပတ်သက်ပြီး မိတ်ဆက်ကြည့်ကြရအောင်။<br>• ဘယ်လိုစကားလုံးတွေကို လေ့လာခဲ့ပါသလဲ။<br>（きれい・古(ふる)い・にぎやか・おおきい）<br>• ပုံတွေကိုကြည့်ကြရအောင်။ မခင်က စကားပြောနေပါတယ်။<br>　○ Aက ဘယ်နေရာလို့ ထင်ပါသလဲ။<br>　○ Bက ဘယ်နေရာလို့ ထင်ပါသလဲ။<br>• အသံဖိုင်ကို ၂ကြိမ် နားထောင်ပါမယ်။ ဘယ်လိုမြို့မျိုး ဖြစ်ပါသလဲ။<br>（ 3-5）<br><br>【အသံဖိုင် 3-5】<br>A　ヤンゴンです。<br>ヤンゴンは　にぎやかです。<br>シュエダゴンパゴダが　あります。<br>シュエダゴンパゴダは　ゆうめいです。 |  |

| | | | |
|---|---|---|---|
| | | B ガパリです。<br>ガパリは しずかです。<br>うみが あります。<br>うみは きれいです。<br><br>• အကြမ်းဖျင်းအားဖြင့် ဘာတွေကို ကြားလိုက်တယ်ဆိုတာကို မေးကြည့်ပါမယ်။ | |
| | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br><br>• အသံဖိုင်ကို နားထောင်ကြမယ်（3-6）<br>【အသံဖိုင် 3-6】<br>にぎやか・ゆうめい・しずか・うみ・～があります<br><br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။ |  |
| မိနစ် | Focus on Form | **Focus on form**（3-7）<br><br>• အသံဖိုင်ကို နားထောင်ပြီး ______ထဲတွင် ကြားရသော စကားလုံးကို ရေးပါ။<br>• မခင်က ရန်ကုန်မှာ ဘာရှိတယ်လို့ ပြောခဲ့ပါသလဲ။<br>• ရွှေတိဂုံဘုရားက ဘယ်လိုလဲ။ (နာမည်ကြီးတယ်)<br>• ငပလီက ဘယ်လိုလဲ။（ပင်လယ်・လှတယ်）<br>• သဒ္ဒါကိုအာရုံစိုက်ပြီး နောက်တစ်ကြိမ်နားထောင်မယ်။<br><br>【အသံဖိုင် 3-7】<br>A ヤンゴンです。<br>ヤンゴンは にぎやかです。<br>シュエダゴンパゴダが あります。<br>シュエダゴンパゴダは ゆうめいです。<br><br>B ガパリです。<br>ガパリは しずかです。<br>うみが あります。<br>うみは きれいです。 |  |

| | | | |
|---|---|---|---|
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကိုကြည့်ကြမယ်**<br>• အသံဖိုင်ကို နားထောင်ကြမယ်။（ 3-8）<br><br>【အသံဖိုင် 3-8】<br>シュエダゴンパゴダ・ゴールデンロック・インレーこ<br>エーヤワディーがわ・モール・としょかん・やま<br><br>きれい・ちいさい・にぎやか・しずか・ふるい<br>あたらしい・べんり・おもしろい・たかい<br><br>• အစိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။<br><br>★ ဝေါဟာရအရေအတွက် များသည့်အတွက် စကားပြောတွင် အသုံးပြုမည့် ဝေါဟာရကို ရွေးချယ်ပြီး လေ့ကျင့်နိုင်ပါတယ်။ |  |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br>• အသံဖိုင်ကိုဖွင့်ပြီး စကားပြောကို နားထောင်ကြရအောင်။（ 3-9）<br><br>【အသံဖိုင် 3-9】<br>ヤンゴンです。<br>ヤンゴンは にぎやかです。<br>シュエダゴンパゴダが あります。<br>シュエダゴンパゴダは ゆうめいです。<br><br>• အစိပ္ပာယ်ကို အတည်ပြုမယ်။<br>• စကားပြောကို ဆရာနှင့်အတူ လေ့ကျင့်မယ်။<br>• သူငယ်ချင်းနှင့်အတူ နှစ်ယောက်တစ်တွဲ လေ့ကျင့်မယ်။（ဝေါဟာရတွေကို အခြေခံပြီး pattern အမျိုးမျိုးဖြင့် လေ့ကျင့်မယ်။）<br>• လုံလောက်စွာ လေ့ကျင့်ပြီးလျှင် အတန်းထဲတွင် ထွက်ပြောကြည့်မယ်။ |  |
| မိနစ် | Can-do check | • ယနေ့အတန်း၏ ရည်ရွယ်ချက်（Can-do） ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးကြမယ်။ | |

| | | | |
|---|---|---|---|
| | | ○ Can-do ကိုဖတ်ပြီး☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။ မိမိကိုယ်တိုင် အကဲဖြတ်မယ်။<br>○ ကျွန်ုပ်၏မြို့အကြောင်းကို လွယ်လွယ်ကူကူပြောနိုင်သွားပြီလား။<br><br>အချိန်ပိုလျှင်<br>「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」「သတိပြုမိတဲ့အချက်」<br>「ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」「ပိုပြီးသိချင်တဲ့အကြောင်းအရာ」<br>စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ |  |
| မိနစ် | ပြန်လှန်လေ့ကျင့်ခြင်း ! | • 「ပြန်လှန်လေ့ကျင့်ခြင်း ! 」ကို သင်ယူလေ့လာခဲ့သည်များအား ပြန်လည်လေ့ကျင့်ရန်သည့်အခါတွင် အသုံးပြုပေးပါ။<br>အတန်းချိန်ပြီးပြီးချင်း ပြန်လည်ဆန်းစစ်ခြင်းနှင့်<br>နောက်အတန်းချိန်အစတွင် ပြန်လှန်လေ့ကျင့်ခြင်းအတွက်<br>အသုံးပြုနိုင်ပါတယ်။ | |
| | | • P33မှ「လွတ်လပ်စွာလေ့လာခြင်း」ကိုအိမ်စာအဖြစ်အသုံးပြုနိုင်ပါတယ်။<br>• သင်ရိုးတွင် မပါဝင်သော ဂျပန်နိုင်ငံရှိ အခြားမြို့များအကြောင်းကို ရှာဖွေပြီး၊ မိမိသွားချင်သောမြို့ကို ရွေးချယ်ကာ presentationပြုလုပ်နိုင်ရန် ဖန်တီးထားခြင်း ဖြစ်ပါတယ်။ |  |

အခန်း-၄　たべもの (အစားအစာ)

Can-do 6:　မိမိနိုင်ငံရဲ့အစားအစာတွေအကြောင်းကို ပြောနိုင်လာမယ်။

စာသင်ကြားချိန်:၇၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | ခေါင်းစဉ်နှင့် Can-doကို စစ်ဆေးခြင်း | • ခေါင်းစဉ်စာမျက်နှာမှာပါရှိတဲ့ ရုပ်ပုံများကို အတည်ပြုစစ်ဆေးပါမယ်။<br>　○ ကလေးတွေက ဘာလုပ်နေကြပါသလဲ။<br>• ဒီနေ့ခေါင်းစဉ်「အစားအစာ」နှင့် Can-do 6ကို အတည်ပြုစစ်ဆေးပါ။ |  |
| မိနစ် | ပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• ရုပ်ပုံများကို ကြည့်ရင်း ပါရှိသောအကြောင်းအရာများကို စစ်ဆေးပါ။<br>　○ ဟနချန်က ဘာစားနေပါသလဲ။<br>　○ ထမင်းဘူးနှင့်ပတ်သက်ပြီး မသိလျှင် လွယ်ကူတဲ့နည်းလမ်းနဲ့ ရှင်းပြမယ်။<br>　○ ရုပ်ပုံထဲတွင်「ထမင်းဆုပ်」「ကြက်ဥ」တို့ပါဝင်ပါတယ်။ |  |
| မိနစ် | စဉ်းစားကြမယ် | **စဉ်းစားကြမယ်**<br>• နေ့လည်စာက ပုံမှန်ဘာစားလေ့ရှိကြပါသလဲ။<br>　○ ဟနချန်ရဲ့နေ့လည်စာ နှင့် သင်တို့နိုင်ငံရဲ့နေ့လည်စာကို နှိုင်းယှဉ်ကြည့်လည်းရပါတယ်။<br>　○ တူညီတဲ့အချက် နှင့် မတူတဲ့အချက်တွေများ ရှိပါသလား။ |  |

| | | | |
|---|---|---|---|
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br><br>• ဟနချန်ရဲ့စကားပြောကို နားထောင်ကြမယ်။<br>(အသံဖိုင် 4−1)<br><br>【အသံဖိုင်4−１】<br>はなちゃん、これはなんですか。<br>これですか？これは「おべんとう」です。<br>「おべんとう」？<br>はい、「おにぎり」と「たまご」があります。<br>おいしいです！<br><br>○ စကားပြောကို နားထောင်ပြီး မေးခွန်းတွေကို ဖြေကြည့်ကြရအောင်။<br>○ Q1 ဟနချန်က ဘာကိုစားနေပါသလဲ။<br>○ Q2 ထမင်းဘူးထဲမှာ ဘာပါသလဲ။<br><br>• မေးခွန်းတွေကို အဖြေတိုက်ကြမယ်။<br>○ အသံဖိုင်ကိုနားထောင်ပြီး အဖြေတိုက်ကြမယ်။<br>○ Q1 ထမင်းဘူး၊ Q2 ထမင်းဆုပ်၊ ကြက်ဥ |  |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br><br>• အစားအစာနှင့်ပတ်သက်သည့် ဝေါဟာရတွေကို ကြည့်ကြမယ်။<br>• ရုပ်ပုံတွေကို ကြည့်ကြမယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။（ 4−2・ 4−3）<br>○ အသံကိုနားထောင်ခိုင်းတဲ့အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br><br>【အသံဖိုင်4−2】<br>ごはん・パン・たまご・やさい・にく・さかな<br><br>【အသံဖိုင်4−3】<br>あまい・からい・しおからい・すっぱい |  |

| | | | |
|---|---|---|---|
| | | • အစီပွာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။<br><br>★ဝေါဟာရအရေအတွက်များသည့်အတွက် စကားပြောတွင်အသုံးပြုမည့် ဝေါဟာရများကိုသာရွေးချယ်ပြီး လေ့ကျင့်လည်း ရပါတယ်။ | |
| မိနစ် | Focus on form | **Focus on form**<br>• အသံဖိုင်ကိုနားထောင်ပြီး______မှာဖြည့်ရမယ့်ဝေါဟာရကို ရေးကြရအောင်။ （ 4-4）<br>○ မိနတိုခွန်က ဟနချန်ကို ဘာမေးခဲ့ပါသလဲ။<br>○ ဟနချန်က ဘာဖြေခဲ့ပါသလဲ။<br><br>• အဖြေရေးပြီးလျှင် အနားမှာရှိတဲ့သူငယ်ချင်းနဲ့ အဖြေတိုက်ကြမယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး အဖြေကိုစစ်ဆေးကြည့်မယ်။<br>• စာကြောင်းတည်ဆောက်ပုံကို သတိပြုကြည့်ပြီး နောက်တစ်ကြိမ် နားထောင်ကြမယ်။<br><br>【အသံဖိုင် 4-4】<br>はなちゃん、これはなんですか。<br>これは「おべんとう」です。<br>「おにぎり」と「たまご」があります。 |  |
| မိနစ် | ထမင်းဘူး အမျိုးအစား များ | **ထမင်းဘူး**<br>• အမျိုးအစား(၄)မျိုးရှိတဲ့ ထမင်းဘူးပုံလေးတွေရှိပါတယ်။<br>• ထမင်းဘူးတစ်ခုစီအကြောင်းကို ရှင်းပြပြီး (a-d) ထဲမှ ကြိုက်နှစ်သက်ရာ ထမင်းဘူးကို ရွေးချယ်မယ်။ ဘာကြောင့် အဲဒီထမင်းဘူးကို ရွေးရသလဲဆိုတဲ့အကြောင်းပြချက်ကို အတန်းထဲမှာ ပြောကြည့်ကြမယ်။<br><br>★အွန်လိုင်း နှင့် ဗီဒီယိုသင်ထောက်ကူများ（YouTubeစသဖြင့်） ကို အသုံးပြုနိုင်ပါက ဗီဒီယိုများကိုပြခြင်းများနှင့် ဓာတ်ပုံများကိုရှာပြီး အတန်းထဲတွင် ကြည့်ရှုနိုင်ပါတယ်။ |  |

| | | | |
|---|---|---|---|
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>• အစားအစာနှင့်ပတ်သက်တဲ့ စကားလုံး(၄)မျိုးကို လေ့လာမယ်။<br>• ရုပ်ပုံတွေကို ကြည့်ကြည့်ပြီးမှ ဘာပြောနေလဲဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။ （ 4-5）<br><br>【အသံဖိုင် 4-5】<br>いただきます<br>ごちそうさま<br>おいしそう<br>たべたい<br><br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကို စစ်ဆေးမယ်။<br>• အသံဖိုင်တွေကို နားထောင်ပြီး နောက်ကလိုက်ပြောမယ်။<br>• 「いただきます」နှင့်「ごちそうさま」စတဲ့ အစားမစားခင်နှင့် စားသောက်ပြီးနောက်မှာ ပြောလေ့ရှိတဲ့စကားစုတွေရှိလို့ မိမိတို့နိုင်ငံမှာရောရှိလားဆိုတာ နှိုင်းယှဉ်ကြည့်လို့ ရပါတယ်။ |  |
| မိနစ် | အတန်းထဲမှာ ပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• ဒီအပိုင်းမှာဆိုရင် မိမိတို့နိုင်ငံရဲ့အစားအစာနှင့်ပတ်သက်ပြီး ပြောနိုင်ဖို့အတွက် ရည်ရွယ်ထားပါတယ်။<br>• မြန်မာမှာရှိတဲ့ ချိုတဲ့အစားအစာ၊ စပ်တဲ့အစားအစာ၊ ငန်တဲ့အစားအစာ၊ ချဉ်တဲ့အစားအစာတွေက ဘာတွေလဲ။<br>• အတန်းထဲမှာ ပြောကြမယ်။ |  |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br>• ရုပ်ပုံများကိုကြည့်ပြီး မခင်က ဘာလုပ်နေလဲဆိုတာကို စစ်ဆေးကြည့်ကြမယ်။<br>• မခင်ရဲ့စကားပြောကိုနားထောင်ကြမယ်။ （ 4-6） |  |

| | | | |
|---|---|---|---|
| | | 【အသံဖိုင် 4-6】<br>これはバラチャウンジョーです。<br>ミャンマーのりょうりです。<br>すこしからいです。おいしいです。<br>• အဓိပ္ပာယ်ကို စစ်ဆေးကြည့်မယ်။ (ဖတ်စာအုပ်၏ နောက်တွင်ရှိသော「ဝေါဟာရတွေကို ကြည့်ကြမယ်」မှာ ဝေါဟာရတွေကို စစ်ဆေးကြည့်ပါမယ်။)<br>• နောက်တစ်ကြိမ် အသံဖိုင်တွေကို နားထောင်မယ်။<br>• အသံဖိုင်နောက်ကနေ လိုက်ပြောကြည့်မယ်။ | |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>•「ပြောကြည့်ကြမယ်」မှာအသုံးပြုခဲ့သော ဝေါဟာရတွေကို စစ်ဆေးကြည့်မယ်။<br>• အသံဖိုင်ကို တစ်ကြိမ်နားထောင်မယ်။（ 4-7）<br>【အသံဖိုင် 4-7】<br>おいしい<br>あまい<br>からい<br>しおからい<br>すっぱい<br>すこし<br>とても<br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကို စစ်ဆေးကြည့်မယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောမယ်။ |  |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br>• မြန်မာအစားအစာ (လက်ဖက်သုပ်၊ မုန့်ဟင်းခါး၊ ရှမ်းခေါက်ဆွဲ) တို့အကြောင်းကိုသုံးပြီး ရည်ရွယ်ထားသည့်စကားပြောကို လေ့ကျင့်ပါမယ်။<br>• ထိုအစားအစာအသီးသီးက ဘယ်လိုအစားအစာလဲ။ ဘယ်လိုအရသာလဲဆိုတာကို လွယ်လွယ်ကူကူ ပြောကြည့်ကြမယ်။<br>• ၃ယောက်တစ်ဖွဲ့ဖြင့် စကားဝိုင်းဖွဲ့မယ်။ |  |

| | | | |
|---|---|---|---|
| | | • အဖွဲ့လိုက်ဆွေးနွေးပြီးတဲ့နောက် အတန်းထဲတွင် အားလုံးရှေ့မှာ ပြောကြမယ်။ (ပြောမယ့်လူအရေအတွက်ကို သင့်တော်သလို ဆုံးဖြတ်နိုင်ပါတယ်။) | |
| မိနစ် | ထမင်းဆုပ် | **ထမင်းဆုပ်ပြုလုပ်နည်း**<br><br>• ထမင်းဆုပ်ပြုလုပ်နည်းနှင့်ပတ်သက်ပြီး ရှင်းပြထားပါတယ်။<br>• ဂျပန်ယဉ်ကျေးမှုအကြောင်းကို ကိုယ်တိုင်လက်တွေ့ပါဝင်လုပ်ဆောင်ခြင်းများ နှင့် ပွဲများတွင် လက်တွေ့လုပ်ကြည့်နိုင်ပါတယ်။ |  |
| မိနစ် | ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု | • 「ကျောင်းနေ့လည်စာ」 နှင့်ပတ်သက်ပြီး ရေးသားထားသော အကြောင်းအရာကို ဖတ်ကြည့်မယ်။<br>• အင်တာနက်အသုံးပြုနိုင်လျှင် ဗီဒီယိုပြတာဖြစ်စေ၊ အတန်းထဲမှာ ရှာကြည့်လို့လည်း ရပါတယ်။ ထပ်ပြီး အိမ်စာအနေနဲ့ နောက်အတန်းချိန်မှာ ရှာဖွေထားတာတွေကို အားလုံးရှေ့မှာ မျှဝေခိုင်းတာမျိုးတွေ လုပ်လို့ရပါတယ်။<br><br>**တူအသုံးပြုနည်း**<br>• တူအသုံးပြုနည်းနှင့်ပတ်သက်ပြီး ရှင်းပြထားပါတယ်။<br>• ရုပ်ပုံများကိုကြည့်ရင်း လေ့လာကြည့်ရအောင်။ (တူကိုလက်နဲ့ကိုင်ပြီးသုံးဖို့က ခက်တယ်လို့ထင်ပါတယ်။ ထိုအချိန်မျိုးတွင် ဘောလ်ပင်ကို အသုံးပြုနိုင်ပါတယ်။)<br>• အွန်လိုင်းအသုံးပြု၍ရသော အခြေအနေမျိုးတွင် ဗီဒီယိုကိုကြည့်ရင်း လေ့ကျင့်လို့လည်းရပါတယ်။<br>• ခေါက်ဆွဲ နှင့် ပဲစေ့များကိုသုံးပြီး ဂိမ်းဆော့လျှင် အားလုံးပိုပြီးတက်ကြွလာနိုင်ပါတယ်။ ဆက်ဆက် ဆော့ကစားကြည့်ပါ။ |  |
| မိနစ် | Can-do Check | • ယနေ့အတန်း၏ ရည်ရွယ်ချက် (Can-do) ပြီးမြောက်ခဲ့လား ပြန်လည်စစ်ဆေးကြမယ်။<br>    ○ Can-doကိုဖတ်ပြီး ☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။ မိမိကိုယ်တိုင် အကဲဖြတ်မယ်။ |  |

| | | | |
|---|---|---|---|
| | | ○ မြန်မာအစားအစာနှင့်ပတ်သက်ပြီး ပြောဆိုနိုင်မယ်။<br><br>• အချိန်ပိုလျှင်「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」「သတိပြုမိတဲ့အချက်」「ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」「ပိုပြီးသိချင်တဲ့အကြောင်းအရာ」 စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ | |
| မိနစ် | ပြန်လှန်လေ့ကျင့်ခြင်း<br>! | • 「ပြန်လှန်လေ့ကျင့်ခြင်း ! 」ကို သင်ယူလေ့လာခဲ့သည်များအား ပြန်လည်လေ့ကျင့်ရန်သည့်အခါတွင် အသုံးပြုပေးပါ။<br><br>အတန်းချိန်ပြီးပြီးချင်း ပြန်လည်ဆန်းစစ်ခြင်းနှင့် နောက်အတန်းချိန်အစတွင် ပြန်လှန်လေ့ကျင့်ခြင်းအတွက် အသုံးပြုနိုင်ပါတယ်။ |  |

အခန်း ၅　わたしのいちにち　(ကျွန်ုပ်ရဲ့တနေ့တာ)

Can-do 7:　မိမိရဲ့တနေ့တာအကြောင်းကို ပြောနိုင်လာမယ်။

စာသင်ကြားချိန်:၇၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | ခေါင်းစဉ်နှင့် Can-doကို စစ်ဆေးခြင်း | • ရုပ်ပုံတွေကို ကြည့်ကြပါမယ်။<br>　○ ကလေးတွေက ဘာတွေလုပ်နေကြပါသလဲ။<br><br>• ယနေ့ခေါင်းစဉ်「ကျွန်ုပ်ရဲ့တနေ့တာ」နှင့်Can-do 7ကို ကြည့်ကြည့်ကြပါမယ်။ |  |
| မိနစ် | စဉ်းစားကြမယ် | **စဉ်းစားကြမယ်**<br>• ခေါင်းစဉ်နှင့် ပတ်သက်ပြီး မိမိတို့အကြောင်းကို ရိုးရှင်းစွာ စဉ်းစားကြမယ်။<br>　○ ကလေးတို့ ဒီမနက်က ဘယ်နှနာရီမှာ အိပ်ရာထခဲ့သလဲ။<br>　○ မနက်စာ စားခဲ့ပါသလား။ |  |
| မိနစ် | အတန်းထဲမှာပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br>• ပုံတွေကိုကြည့်ပြီး သိရတဲ့အချက်တွေကို ပြောကြမယ်။<br>• ပုံတွင် ဟနချန်၏ မနက်ခင်းကို ဖြတ်သန်းပုံကို ပြထားပါတယ်။ |  |
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br>• ဟနချန်ရဲ့စကားပြောကို နားထောင်ကြမယ်။ ( 5-1)<br>　○ အရင်ဆုံး အသံဖိုင်ကို တစ်ကြိမ်နားထောင်ပါမယ်။<br>　○ ဘာတွေကို ကြားလိုက်ရသလဲဆိုတာကို ပေါ့ပေါ့ပါးပါး ပြောကြည့်မယ်။ |  |

| | | | |
|---|---|---|---|
| | | 【အသံဖိုင် 5-1】<br>あさ　６じに　おきます<br>７じに　あさごはんを　たべます。<br>それから、７じはんに　がっこうに　いきます。<br><br>• စကားပြောကိုနားထောင်ပြီး မေးခွန်းကို ဖြေကြည့်ကြမယ်။<br>　○ Q1 ဟနချန်က ဘယ်နှနာရီမှာ အိပ်ရာထသလဲ။<br>　○ Q2 ဘယ်နှနာရီမှာ မနက်စာစားသလဲ။<br><br>• မေးခွန်းကို အဖြေတိုက်ကြမယ်။<br>　○ အသံဖိုင်ကို ဖွင့်ပြပြီး အဖြေတိုက်ကြမယ်။ | |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br><br>• အချိန်နှင့်ပတ်သက်သော ဝေါဟာရများကို ကြည့်ကြမယ်။<br>• ပုံကိုကြည့်ပြီး ဝေါဟာရ၏အဓိပ္ပာယ်ကို ခန့်မှန်းမယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။（5-2・5-3・5-4）<br>　○ အသံဖိုင်ကို နားထောင်မည့် အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br><br>【အသံဖိုင် 5-2】<br>あさ・ひる・よる<br><br>【အသံဖိုင် 5-3】<br>いちじ・にじ・さんじ・よじ・ごじ・ろくじ・しちじ<br>はちじ・くじ・じゅうじ・じゅういちじ・じゅうにじ<br>なんじですか？<br><br>【အသံဖိုင် 5-4】<br>ろくじ・ろくじはん<br><br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။ |  |

| | | | |
|---|---|---|---|
| | | 【သတိပြုရန်】<br>○ အချိန်ကို ဖော်ပြရာတွင်「○時（じ）」ကို အသုံးပြုရန် လေ့ကျင့်ရပါမယ်။<br>○ 4時（よじ）・7時（しちじ）・9時（くじ）တို့၏ အသုံးပြုပုံကို သတိပြုကြရအောင်။ | |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်（ဖော်ပြချက်）**<br>• 「တနေ့တာ」နှင့်ပတ်သက်သော ဝေါဟာရများကို ကြည့်ကြပါမယ်။<br>• ပုံတွေကိုကြည့်ပြီး တစ်ပုံစီ၏ အဓိပ္ပာယ်ကို ခန့်မှန်းကြမယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။（5−5）<br>○ အသံဖိုင်ကို နားထောင်မည့် အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br><br>【အသံဖိုင် 5−5】<br>おきます。<br>あさごはんを　たべます。<br>ひるごはんを　たべます。<br>よるごはんを　たべます。<br>がっこうに　いきます。<br>いえに　かえります。<br>べんきょうを　します。<br>ゲームを　します。<br>シャワーを　あびます。<br>ねます。<br><br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။ |  |
| မိနစ် | ရေးကြမယ် | **ရေးကြမယ်**<br>• ဟနချန်၏ တနေ့တာအကြောင်းကို ပြောပြထားသော အသံဖိုင်ကို နားထောင်ပြီး မှတ်စုစာအုပ်ထဲတွင် ရေးသားရသည့် လေ့ကျင့်ခန်းဖြစ်ပါတယ်။（5−6）<br><br>【အသံဖိုင် 5−6】<br>①６じに　おきます。 |  |

| | | | |
|---|---|---|---|
| | | ②7じに あさごはんを たべます。<br>③7じはんに がっこうに いきます。<br>④3じに いえに かえります。<br>⑤4じに べんきょうします。<br>⑥5じに よるごはんを たべます。<br>⑦10じに ねます。<br><br>• အသံဖိုင်ကို နားထောင်ပြီး အဖြေကို ရေးပြီးနောက် ဘေးနားရှိ သူငယ်ချင်းနှင့် အပြန်အလှန် အဖြေကို စစ်ဆေးရန် ညွှန်ကြားချက်ပေးရပါမယ်။<br>• ထို့နောက်တွင် အသံဖိုင်ကိုနားထောင်ပြီး အဖြေတိုက်ကြမယ်။ | |
| မိနစ် | ရေးကြမယ် | **ရေးကြမယ်**<br><br>• ထို့နောက်တွင် မိမိ၏ တနေ့တာအကြောင်းကို မှတ်စုတွင် ရေးသားရပါမယ်။<br>（ရေးထားသော မှတ်စုကို ကိုးကားပြီး စကားပြောလေ့ကျင့်ခန်းကို ပြုလုပ်ရပါမယ်။） |  |
| မိနစ် | မှတ်စုမှာ ရေးကြည့်ကြမယ် | **မှတ်စုမှာ ရေးကြည့်ကြမယ်**<br>• ကဲ အားလုံးရဲ့မှတ်စုစာအုပ်ထဲမှာ ဇယားဆွဲပြီး တနေ့တာ ဖြတ်သန်းပုံကို ဂျပန်ဘာသာဖြင့် ရေးပါမယ်။ ပြုလုပ်သည့်အချိန်နှင့် ပြုလုပ်သည့်အရာများကို ရေးသားပါမယ်။ အချိန် ၄မိနစ် ကျန်ပါမယ်။<br>• ဆရာက ကျောင်းသားအနားကို သွားပြီး ကျောင်းသားရေးသားထားသော အကြောင်းအရာကို စစ်ဆေးရပါမယ်။ |  |
| | | **ဆရာတို့အတွက်မှတ်စု**<br>• အချိန်ကို ဖော်ပြသည့်အခါတွင် ကိန်းဂဏန်းကိုပြောပြီးနောက်「じ」ကို ဆက်ပြောပါရမယ်။<br>1 いちじ<br>2 にじ<br>3 さんじ<br>4 よじ（よんじではありません）<br>5 ごじ<br>6 ろくじ<br>7 しちじ（ななじとも言えます）<br>8 はちじ<br>9 くじ（きゅうじではありません） | |

<table>
<tr><td></td><td></td><td>10 じゅうじ<br>11 じゅういちじ<br>12 じゅうにじ<br><br>「はん」ဟူသော စကားလုံးသည်「半分(はんぶん) တစ်ဝက်」ဟူသော အဓိပ္ပာယ်ရှိပြီး「じ」၏နောက်တွင် ကပ်လိုက်သည်ကို ပြောပြရပါမယ်။<br>ဥပမာ）7:30 ကို 7 じはん လို့ပြောသည်ဆိုတာကို ပြောပြပေးပါ။<br><br>• အချိန်၏နောက်တွင် ဝိဘတ် に ကိုထားပြီး နောက်တွင် ကြိယာကို ထားပါမည်။<br>時間 + に + 動詞<br>ဥပမာ ။ 6時に起きます。<br><br>• ကံပြပုဒ်ရှိပါက စာကြောင်းတည်ဆောက်ပုံသည် အောက်ပါအတိုင်း ဖြစ်ပါမယ်။<br>時間 + に + 目的語 + を + 動詞<br>ဥပမာ ။ 7時に朝ごはんを食べます。<br><br>• မေးခွန်းဖြစ်ပါက なんじ နှင့် စာကြောင်းအဆုံးတွင် か ဖြင့် အဆုံးသတ်ပါမယ်။<br>なんじ＋に＋動詞＋か？<br>ဥပမာ ။ 何時(なんじ)に起(お)きますか？<br><br>(သတိပြုရန်: မနက်ပိုင်း 8 နာရီကို ပြောချင်ပါက「မနက်」ဟု အဓိပ္ပာယ်ရသော「あさ」နောက်တွင် ကိန်းဂဏန်း「8」နောက်တွင်「じ」ဟူ၍ ရေးသားနိုင်ပါတယ်။<br>ညနေပိုင်း（よる）အတွက်လည်း အထက်ပါနည်းတူ ရေးသားနိုင်ပါတယ်။<br>ဥပမာ）あさ 8 じ（8AM）、よる 10 じ（10PM）</td><td></td></tr>
<tr><td></td><td></td><td>ဆရာတို့အတွက်မှတ်စု<br><br>ဂျပန်ကြိယာများ၏ ပုံစံများနှင့်ပတ်သက်ပြီး ရှင်းပြပါမယ်။</td><td></td></tr>
</table>

| | | | |
|---|---|---|---|
| | | ကြိယာကို ပစ္စုပ္ပန်ပုံစံ (Present form) နှင့် အတိတ်ပုံစံ (Past form) ဟူ၍ ခွဲခြားနိုင်ပါတယ်။<br>ပစ္စုပ္ပန်ပုံစံသည်「ます」ဖြင့် အဆုံးသတ်ပါတယ်။<br>ဥပမာ ။<br>・「ねます」　（寝ます）<br>・「たべます」（食べます）<br>・「いきます」（行きます）<br>အထက်ပါကြိယာများကို အတိတ်ပုံစံသို့ ပြောင်းလဲလျှင်「す」ကို ဖယ်ထုတ်ပြီး「した」ကို ထပ်ပေါင်းပါမယ်။ ထိုကြိယာက အတိတ်ကိုဖော်ပြသောပုံစံ ဖြစ်လာပါမယ်။<br>ဥပမာ ။<br>・「ねます」 ➡「ねました」　（寝ました）<br>・「たべます」➡「たべました」（食べました）<br>・「いきます」➡「いきました」（行きました） | |
| မိနစ် | နားထောင်ကြမယ် | **နားထောင်ကြမယ်**<br>(ဥပမာ)<br>• မောင်ကောင်းနှင့် ဟနချန်၏ စကားပြောကို နားထောင်ကြမယ်။<br>（ 5-7）<br>• ဘာတွေပြောနေသလဲဆိုတာကို နားထောင်ကြမယ်။<br>• ကြားရတဲ့ ဝေါဟာရကို ကြည့်ကြမယ်။<br>【အသံဖိုင် 5-7】<br>はなちゃん、なんじに おきますか。<br>6 じに おきます。<br>なんじに あさごはんを たべますか。<br>7 じに あさごはんを たべます。 |  |
| မိနစ် | Focus on Form | **Focus on form**<br>• အသံဖိုင်ကိုနားထောင်ပြီး_____မှာဖြည့်ရမယ့်ဝေါဟာရကို ရေးကြရအောင်။<br>（ 5-8） |  |

| | | | |
|---|---|---|---|
| | | 【အသံဖိုင် 5-8】<br>なんじに おきますか？<br>6 じに おきます。<br>なんじに あさごはんを たべますか？<br>7 じに あさごはんを たべます。<br><br>• ဝေါဟာရကို ရေးပြီးနောက်တွင် အနားရှိသူငယ်ချင်းနှင့် အဖြေတိုက်ကြမယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး အဖြေတိုက်ကြမယ်။<br>• ပုံစံပြောင်းနည်းတွေကို သေချာစစ်ဆေးမယ်။<br>（မေးခွန်းစာကြောင်း : ဆရာတို့အတွက်မှတ်စုကို ကိုးကားပါ။）。<br>• ပုံစံပြောင်းနည်းတွေကိုသေချာသတိထားပြီး နောက်တစ်ကြိမ်ပြန်နားထောင်မယ်။ | |
| | | **ဆရာတို့အတွက်မှတ်စု**<br>ဂျပန်ဘာသာစကားရဲ့မေးခွန်းစာကြောင်းတည်ဆောက်ပုံကို ရှင်းပြရပါမယ်။<br><br>မေးခွန်းစာကြောင်းတွင် အခြေခံအားဖြင့် စာကြောင်းနောက်ဆုံးတွင် 「か」ကို ထည့်ပြီး တည်ဆောက်ရပါမယ်။<br>ဥပမာ။<br>何時(なんじ)に起(お)きますか？<br>何時(なんじ)に朝(あさ)ごはんを食(た)べますか？ | |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br><br>• အရင်ဆုံး မောင်ကောင်းနဲ့ ဟနချန်တို့ရဲ့စကားဝိုင်းကို နားထောင်ပြီး လေ့ကျင့်ရပါမယ်။<br>• အသံဖိုင်ကို နောက်တစ်ခေါက်နားထောင်ပြီး နောက်ကလိုက်ပြောမယ်။<br>（ 5-9）<br><br>【အသံဖိုင် 5-9】<br>なんじに おきますか？<br>6 じに おきます。<br>なんじに あさごはんを たべますか？<br>7 じに あさごはんを たべます。 |  |

| | | | |
|---|---|---|---|
| | | • ထို့နောက် 「ရေးကြမယ်」 မှာရေးထားတဲ့ မိမိတို့တနေ့တာကိုကြည့်ပြီး အတွဲလိုက် သို့မဟုတ် အဖွဲ့လိုက် စကားပြောလေ့ကျင့်ကြရပါမယ်။<br>• အရင်ဆုံး ဆရာမှ ဥပမာအနေနဲ့ ပြောပြလိုက်ရင် ကျောင်းသားတွေပြောဖို့ပိုလွယ်လာလောက်ပါတယ်။<br>• စကားပြောလုပ်နိုင်လာပြီဆိုလျှင် အတန်းထဲမှာ ထွက်ပြောကြည့်ကြမယ်။<br>(ထွက်ပြောခိုင်းမည့် အရေအတွက်မှာ သင့်တော်သလို ဆုံးဖြတ်နိုင်ပါတယ်။) | |
| မိနစ် | Can-do Check | • ယနေ့အတန်း၏ ရည်ရွယ်ချက် (Can-do) ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးမယ်။<br>○ Can-doကိုဖတ်ပြီး ☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။ မိမိကိုယ်တိုင် အကဲဖြတ်မယ်။<br>○ မိမိရဲ့တနေ့တာအကြောင်းကို ပြောပြနိုင်လာမယ်။<br>အချိန်ပိုလျှင်<br>「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」 「သတိပြုမိတဲ့အချက်」<br>「ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」 「ပိုပြီးသိချင်တဲ့အကြောင်းအရာ」<br>စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ | |

အခန်း ၅　わたしのいちにち (ကျွန်ုပ်ရဲ့တနေ့တာ)

Can-do 8:　၁ ပတ်တာ မိမိလုပ်ဆောင်မယ့်အကြောင်းကို ပြောနိုင်လာမယ်။

စာသင်ကြားချိန်：၇၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေး လှုပ်ရှားမှု များ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | Can-do Check | • Can-do 8ကို စစ်ဆေးအတည်ပြုပါမယ်။ |  |

| | | | |
|---|---|---|---|
| မိနစ် | စဉ်းစားကြမယ် | **စဉ်းစားကြမယ်**<br><br>• ခေါင်းစဉ်အကြောင်းအရာနဲ့ပတ်သက်ပြီး ကိုယ့်အကြောင်းကိုယ် စဉ်းစားကြမယ်။<br>○ အားလုံးရော ၁ပတ်တာကို ဘယ်လိုဖြတ်သန်းကြပါသလဲ။<br>○ ဘာလုပ်ကြပါသလဲ။ |  |
| မိနစ် | အတန်းထဲမှာပြောကြမယ် | **အတန်းထဲမှာပြောကြမယ်**<br><br>• မိနတိုခွန်ရဲ့အချိန်ဇယားကနေ ၁ ပတ်တာအချိန်ဇယားနဲ့ ပတ်သက်ပြီး သင်ယူကြမယ်။<br>• မိနတိုခွန်ရဲ့ ၁ ပတ်တာလုပ်ဆောင်တာတွေကို ရုပ်ပုံကနေ ကြည့်ပြီး သိရတဲ့အကြောင်းအရာကို ပြောကြမယ်။<br>• အသံကိုနားထောင်ပြီး စကားပြောကို ကြည့်ကြမယ်။ （5-10）<br><br>【အသံဖိုင် 5-10】<br>げつようび ともだちと あそびます。<br>すいようび まんがを よみます。<br>もくようび サッカーを します。<br>きんようび モールに いきます。<br>どようび なにも しません。 |  |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br><br>ဒီအပိုင်းမှာ နေ့ရက်တွေကို လေ့လာကြမယ်။<br><br>အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။（5-11）<br><br>【အသံဖိုင် 5-11】<br>にちようび・げつようび・かようび・すいようび<br>もくようび・きんようび・どようび<br><br>• ဝေါဟာရအဓိပ္ပာယ်တွေကိုအတည်ပြုကြမယ်။<br>• နောက်တကြိမ်အသံဖိုင်ကိုနားထောင်ပြီး အနောက်ကနေလိုက်ပြောကြမယ်။ |  |

<table>
<tr><td></td><td></td><td>★ အတင်းအကြပ် အလွတ်ကျက်မှတ်စရာမလိုပါ။ ဝေါဟာရဂိမ်းစတဲ့ ဂိမ်းတွေသုံးပြီး ပျော်ပျော်ရွှင်ရွှင်လေ့လာလျှင် ပိုကောင်းပါတယ်။</td><td></td></tr>
<tr><td>မိနစ်</td><td>ဝေါဟာရတွေကို ကြည့်ကြမယ်</td><td>ဝေါဟာရတွေကို ကြည့်ကြမယ် (အသုံးအနှုန်း)<br>• 「အမျိုးမျိုးသောactivity」ရဲ့ဝေါဟာရတွေကို ကြည့်ကြည့်ကြမယ်။<br>• ရုပ်ပုံတွေကိုကြည့်ပြီး အဓိပ္ပာယ်တွေကို ခန့်မှန်းကြမယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။（ 5-12）<br>○ အသံကိုနားထောင်ခိုင်းတဲ့အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br><br>【အသံဖိုင် 5-12】<br>サッカーを　します。<br>テレビを　みます。<br>まんがを　よみます。<br>おんがくを　ききます。<br>モールに　いきます。<br>かいものを　します。<br>かぞくと　でかけます。<br>ともだちと　あそびます。<br><br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။</td><td></td></tr>
<tr><td>မိနစ်</td><td>နားထောင်ကြမယ်</td><td>နားထောင်ကြမယ်<br>• မိနတ်တိုခွန်ရဲ့တနေ့တာအကြောင်းအရာတွေကို နားထောင်ကြမယ်။ （ 5-13）<br><br>【အသံဖိုင် 5-13】<br>にちようび なにを　しますか。<br>にちようび おんがくを　ききます。<br>げつようび なにを　しますか。<br>げつようび ともだちと　あそびます。<br>かようび なにを　しますか。<br>かようび　テレビをみます。</td><td></td></tr>
</table>

| | | | |
|---|---|---|---|
| | | すいようび なにを しますか。<br>すいようび まんがを よみます。<br>もくようび なにを しますか。<br>もくようび サッカーを します。<br>きんようび なにを しますか。<br>きんようび モールに いきます。<br>どようび なにを しますか。<br>どようび なにも しません。<br><br>• ဘာပြောသွားတာလဲဆိုတာ နားထောင်ကြမယ်။<br>• ကြားလိုက်တဲ့ဝေါဟာရတွေကို အတည်ပြုကြည့်ကြမယ်။ | |
| မိနစ် | Focus on Form ကို သတိပြုကြည့်ကြမယ်<br><br>ဝေါဟာရတွေကို ကြည့်ကြမယ် | **Focus on form**<br><br>• အသံဖိုင်ကို နားထောင်ပြီး_____မှာဖြည့်ရမယ့်ဝေါဟာရကို ရေးကြရအောင်။<br>（ 5-14）<br><br>【အသံဖိုင် 5-14】<br>きんようび なにを しますか？　モールにいきます。<br>もくようび なにを しますか？　ともだちと サッカーを します。<br><br>• စာလုံးတွေကိုရေးပြီးလျှင် အနီးအနားကသူငယ်ချင်းတွေနဲ့ အဖြေကိုအတည်ပြုကြည့်ကြပါမယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး အဖြေကိုအတည်ပြုကြည့်ကြမယ်။<br>• formရဲ့စည်းမျည်းစည်းကမ်းကို အတည်ပြုကြည့်ကြမယ်။ (မေးခွန်းစာကြောင်း : ဆရာတို့အတွက်မှတ်စုတိုကို ကိုးကားရန်။)<br>• formကို သတိထားပြီး နောက်တကြိမ်နားထောင်ကြမယ်။<br><br>**ဝေါဟာရတွေကို ကြည့်ကြမယ်**<br><br>• 「なにも しません」၏အဓိပ္ပာယ်ကို ကြည့်ကြမယ်။（ 5-15）<br><br>【အသံဖိုင် 5-15】 |  |

| | | | |
|---|---|---|---|
| | | なにも しません | |
| မိနစ် | ရေးကြမယ် | **ရေးကြမယ်**<br>• မိမိရဲ့ ၁ ပတ်တာ activityတွေကို မှတ်စုစာအုပ်မှာ ရေးကြမယ်။ (ဒီအကြောင်းအရာကိုကိုးကားပြီး အပြောလေ့ကျင့်တဲ့ activityကို လုပ်ရမယ်။) |  |
| မိနစ် | ပြောကြမယ် | **ပြောကြမယ်**<br>• အရင်ဦးစွာ မခင်နဲ့ မိနတိုခွန်တို့ရဲ့စကားပြောနဲ့ လေ့ကျင့်ကြမယ်။<br>• အသံဖိုင်ကိုနားထောင်ပြီး အနောက်ကနေလိုက်ပြောမယ်။（ 5-16）<br><br>【အသံဖိုင် 5-16】<br>すいようび なにを しますか？　まんがを よみます。<br>どようび なにを しますか？　なにも しません。<br><br>• ထို့နောက် ဆရာနဲ့ လေ့ကျင့်ကြမယ်။<br>• 「ရေးကြမယ်」မှာရေးထားတဲ့အကြောင်းအရာကို အသုံးပြုပြီး ၂ ယောက် ၁ တွဲသို့မဟုတ် ဂရုလိုက် စကားပြောကို လေ့ကျင့်ကြမယ်။<br>• စကားပြောလေ့ကျင့်ပြီးရင် အတန်းထဲမှာ ထွက်ပြောကြည့်ကြမယ်။<br><br>（ထွက်ပြောခိုင်းမယ့် လူအရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။） |  |
| | | **ဆရာတို့အတွက်မှတ်စု**<br><br>ဖတ်စာအုပ်ထဲတွင်ပါတဲ့ ဝိဘတ်တွေကို ကြည့်ကြမယ်။<br><br>を：ကြိယာမှ ပြုလုပ်ခြင်းခံရသည့်အရာ ကိုဖော်ပြသည်။<br>ဥပမာ။「まんがを読(よ)みます」（မန်းဂစာအုပ် ကို ဖတ်သည်）<br>「音楽(おんがく)を聞(き)きます」（သီချင်း ကို နားထောင်သည်） | |

| | | | |
|---|---|---|---|
| | | に： ဦးတည်ရာနေရာ၊ အချိန်ကို ဖော်ပြသည်။<br>ဥပမာ ။「学校(がっこう)に行(い)きます」（ကျောင်း သို့ သွားသည်）<br>ဥပမာ ။「7時(じ)に起(お)きます」（၇ နာရီ မှာ အိပ်ရာထသည်）<br><br>か： မေးခွန်းစာကြောင်းပြုလုပ်သည့်အချိန် စာကြောင်းနောက်ဆုံးတွင်ထည့်သည်။<br>ဥပမာ ။「朝(あさ)ごはんを食(た)べますか？」（မနက်စာ စားလား။）<br>「日曜日(にちようび)何(なに)をしますか？」<br>（တနင်္ဂနွေနေ့ ဘာလုပ်မှာလဲ။）<br><br>と： တခြားတစ်ယောက်နှင့်အတူတူ ပြုလုပ်ခြင်းကို ဖော်ပြသည်။<br>ဥပမာ ။「友達(ともだち)と遊(あそ)びます」<br>（သူငယ်ချင်းနှင့်အတူ ကစားသည်။）<br>「家族(かぞく)と出(で)かけます」（မိသားစုနှင့်အတူ အပြင်သွားသည်။） | |
| မိနစ် | Can-do Check | • ယနေ့အတန်း၏ ရည်ရွယ်ချက်（Can-do）ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးကြမယ်။<br>○ Can-doကိုဖတ်ပြီး ☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။ မိမိကိုယ်တိုင် အကဲဖြတ်မယ်။<br>○ ၁ ပတ်တာ မိမိလုပ်ဆောင်မယ့်အကြောင်းကို ပြောနိုင်လာမယ်။<br><br>အချိန်ပိုလျှင်<br>「 စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」「သတိပြုမိတဲ့အချက်」<br>「 ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」「ပိုပြီးသိချင်တဲ့အကြောင်းအရာ」<br>စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ |  |
| မိနစ် | ပြန်လှန်လေ့ကျင့်ခြင်း！ | • 「ပြန်လှန်လေ့ကျင့်ခြင်း！」ကို သင်ယူလေ့လာခဲ့သည်များအား ပြန်လည်လေ့ကျင့်ရန်သည့်အခါတွင် အသုံးပြုပေးပါ။<br>အတန်းချိန်ပြီးပြီးချင်း ပြန်လည်ဆန်းစစ်ခြင်းနှင့် နောက်အတန်းချိန်အစတွင် ပြန်လှန်လေ့ကျင့်ခြင်းအတွက် အသုံးပြုနိုင်ပါတယ်။ | |
| မိနစ် | ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု | **ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှု**<br><br>• ယေဘုယျအားဖြင့် (မူလတန်းကျောင်းသားများ၏ တစ်နေ့တာ)နှင့်ပတ်သက်ပြီး ရေးသားထားသော စာမျက်နှာကို ထည့်သွင်းပေးထားပါတယ်။ ဒီအချိန်ဇယားကိုကြည့်ပြီး မိမိတို့နိုင်ငံက |  |

| | | | |
|---|---|---|---|
| | | မူလတန်းကျောင်းကအချိန်ဇယားနှင့် နှိုင်းယှဉ်ကြည့်လျှင် စိတ်ဝင်စားဖို့ကောင်းတဲ့အချက်တွေ ရှာတွေ့နိုင်ပါတယ်။<br>• ဥပမာအားဖြင့် မြန်မာမှာဆိုလျှင် ပုံမှန်အားဖြင့် ကျောင်းချိန်သည် မနက်(၉)နာရီမှ စတင်ပြီး နေ့လည်(၃)နာရီခွဲလျှင် ကျောင်းဆင်းပါတယ်။ နေ့လည်စာစားချိန်ကလည်း နေ့လည်(၁၂)နာရီမှ (၁၂)နာရီခွဲအထိ မိနစ်(၃၀)သာလျှင် ရပါတယ်။ ထို့နောက် တချို့သောကျောင်းများတွင် စာသင်ချိန်ကမနက်တစ်ပိုင်းတည်းရှိတာမျိုးတွေလည်း ရှိပြီး၊ တချို့ကတော့ ညနေအချိန်တွင်သာ ရှိပါတယ်။ ဒီလိုမျိုး ဂျပန်နှင့် မြန်မာရဲ့မတူညီမှုကို နှိုင်းယှဉ်ရင်း သတိပြုမိတဲ့အချက်တွေကို ရှာဖွေတာမျိုးစသည့် အတန်းတွင်းလှုပ်ရှားမှုများ ပြုလုပ်ကြည့်ပါ။ |  |

အခန်း ၆　にほんのあそび (ဂျပန်ကစားနည်းများ)

Can-do 9:　လွယ်ကူတဲ့ ဂျပန်စာကို နားထောင်ပြီး စက္ကူအလုပ်ခေါက်တတ်လာမယ်။

Can-do 10:　လွယ်ကူတဲ့ ဂျပန်စာကိုသုံးပြီး ဂျပန် board game ကစားတတ်လာမယ်။

စာသင်ကြားချိန်: ၇၀မိနစ် (ခန့်မှန်း)

| ကြာချိန် | သင်ကြားရေးလှုပ်ရှားမှုများ | အကြောင်းအရာ | ဖတ်စာအုပ် |
|---|---|---|---|
| မိနစ် | ခေါင်းစဉ်နှင့် Can-do check | • ခေါင်းစဉ်စာမျက်နှာကိုကြည့်ပြီး ခေါင်းစဉ်အကြောင်းအရာကို စဉ်းစားမယ်။<br>○ ဒီအခန်းတွင်「စက္ကူအလုပ်ခေါက်ခြင်း」၊「board game」ရဲ့ရုပ်ပုံများ ဖော်ပြထားပါတယ်။<br>○ မိမိတို့နိုင်ငံနှင့် တူသောကစားနည်းရှိလားဆိုတာကို နှိုင်းယှဉ်ကြည့်လို့ရပါတယ်။<br><br>• Can-do 9 နှင့် 10ကို စစ်ဆေးအတည်ပြုကြည့်မယ်။ |  |

| | | | |
|---|---|---|---|
| မိနစ် | | • 「စက္ကူအလှခေါက်ခြင်း」၏ လွယ်ကူတဲ့ ရှင်းလင်းချက်ကို ရေးပေးထားပါတယ်။<br>• အကြောင်းအရာများကို အတန်းထဲတွင် စစ်ဆေးကြည့်ပြီးသည့်နောက် အောက်တွင်ပါရှိသောဓာတ်ပုံများကို ကြည့်ပါမယ်။<br>• 「စက္ကူအလှခေါက်ခြင်း」၏ ဓာတ်ပုံတွေထဲတွင် ကြိုးကြာ၊ စကြာ၊ အမျိုးစုံသောစက္ကူအလှခေါက်နည်းတွေကို ဖော်ပြထားပါတယ်။ ဒီလိုမျိုး စက္ကူဖြင့် အမျိုးမျိုးသောပုံသဏ္ဍာန်တွေ ခေါက်လို့ရကြောင်း နားလည်သွားဖို့ ရည်ရွယ်ပါတယ်။ |  |
| မိနစ် | | • ဒီခေါင်းစဉ်တွင်「～ましょう」ဆိုတဲ့ သဒ္ဒါတည်ဆောက်ပုံကို အသုံးပြုတဲ့ စကားစုတွေကို မြင်ရပါမယ်။ စက္ကူအလှခေါက်တာနှင့်ပတ်သက်ပြီး ရှင်းပြပြီးသည့်နောက်တွင် ဒီသဒ္ဒါတည်ဆောက်ပုံကို လွယ်ကူစွာမိတ်ဆက်ပေးနိုင်လျှင် အဆင်ပြေပါတယ်။ |  |
| | | **ဆရာတို့အတွက်မှတ်စု**<br><br>「～ましょう」ဆိုတာ အတူတူတစ်ခုခုကိုပြုလုပ်တဲ့အခါ (အဆိုပြုချက်) ပြောတဲ့အနေနဲ့ အသုံးပြုတဲ့ သဒ္ဒါပုံစံဖြစ်ပါတယ်။<br><br>ဥပမာ။<br>食べます→食べ~~ます~~→食べましょう　(စားကြရအောင်)<br>行きます→行き~~ます~~→行きましょう　(သွားရအောင်)<br>遊びます→遊び~~ます~~→遊びましょう　(ကစားရအောင်)<br>おりがみを　おります→おり~~ます~~→おりがみを　おりましょう　(စက္ကူအလှခေါက်ကြရအောင်) | |
| မိနစ် | ဝေါဟာရတွေကို ကြည့်ကြမယ် | ဝေါဟာရတွေကို ကြည့်ကြမယ်<br>• စက္ကူအလှခေါက်တဲ့အခါ အသုံးပြုတဲ့ဝေါဟာရတွေကို ကြည့်ကြမယ်။ |  |

| | | | |
|---|---|---|---|
| | | • ဝေါဟာရအဓိပ္ပာယ်ကို စစ်ဆေးကြည့်မယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။ （ 6−1）<br>○ အသံကိုနားထောင်ခိုင်းတဲ့အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br>【အသံဖိုင် 6−1】<br>おります<br>もういちど おります<br>はんぶん<br>ひらきます<br>きります<br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။ | |
| မိနစ် | စက္ကူ<br>ခေါက်ခြင်း | **စက္ကူအလှခေါက်ခြင်း （ဆာမူရိုင်းခမောက် ・ ဖား）**<br>• လက်တွေ့စက္ကူအလှခေါက်ခြင်းကို လုပ်ကြည့်ပါမယ်။<br>• ကျောင်းတွင် စက္ကူအလှခေါက်တဲ့စာရွက်မရှိလျှင် သတင်းစာစာရွက် သို့မဟုတ် မိတ္တူစာရွက်တို့ကိုလည်း အသုံးပြုနိုင်ပါတယ်။<br>• ဗီဒီယိုကြည့်ရင်း ရှင်းပြလျှင် ပိုပြီးနားလည်လွယ်ပါတယ်။<br>• YouTubeစတာတွေကို သုံးပြီး နားလည်လွယ်တဲ့ဗီဒီယိုတွေကို ကြိုတင်ပြင်ထားကြရအောင်။ |  |
| မိနစ် | Board Game | Board Game<br>• Board Gameကို လွယ်ကူတဲ့ရှင်းပြချက်တွေနဲ့ ရေးပေးထားပါတယ်။<br>• အတန်းထဲမှာ စည်းမျဉ်းတွေကို စစ်ဆေးအတည်ပြုကြမယ်။ |  |
| မိနစ် | ဝေါဟာရတွေ<br>ကို<br>ကြည့်ကြမယ် | **ဝေါဟာရတွေကို ကြည့်ကြမယ်**<br>• စက္ကူအလှခေါက်တဲ့အခါ အသုံးပြုတဲ့ ဝေါဟာရတွေကို စစ်ဆေးကြည့်ကြမယ်။<br>• ဝေါဟာရတွေရဲ့အဓိပ္ပာယ်ကို စစ်ဆေးကြည့်မယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။ （ 6−2） |  |

| | | | |
|---|---|---|---|
| | | ○ အသံကိုနားထောင်ခိုင်းတဲ့အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br>【အသံဖိုင် 6-2】<br>さいころをふりましょう。<br>すすみましょう。<br>やすみましょう。<br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။<br>(ကိန်းဂဏန်း)<br>• Board Gameမှာ အသုံးပြုသည့် ကိန်းဂဏန်းတွေကို စစ်ဆေးကြည့်မယ်။<br>• အသံကိုနားထောင်ပြီး အသံထွက်ကိုအာရုံစိုက်ကြမယ်။ (🔈 6-3)<br>○ အသံကိုနားထောင်ခိုင်းတဲ့အကြိမ်အရေအတွက်ကို သင့်တော်သလို ချိန်ညှိနိုင်ပါတယ်။<br>【အသံဖိုင် 6-3】<br>ひとつ・ふたつ・みっつ・よっつ・いつつ・むっつ<br>ななつ・やっつ・ここのつ・とお<br>• အဓိပ္ပာယ်ကိုကြည့်ပြီးလျှင် အသံဖိုင်ကိုနားထောင်ပြီး နောက်ကလိုက်ပြောကြပါမယ်။ | |
| မိနစ် | Board Game | **Board Game**<br><br>P60 - 61ကိုအသုံးပြုပြီး Board Gameကိုကစားပါမယ်။<br>ဒီနေရာတွင် မြန်မာ၏ ရွှေတိဂုံဘုရားမှစပြီး ဂျပန်၏ဖူဂျီတောင်အထိကို Goalအဖြစ် သတ်မှတ်ထားပါတယ်။<br><br>လွယ်လွယ်ကူကူသင်္ကေတလေးတွေကို မိတ်ဆက်မယ်။<br>• Challengeလုပ်ရမှာတွေက အခုအထိသင်ယူခဲ့တဲ့ အကြောင်းအရာတွေကနေ မေးခွန်းလေးတွေထုတ်ပေးထားပါတယ်။ ဂိမ်းကနေမှတဆင့် ပြန်လှန်လေ့ကျင့်ခန်း လုပ်လို့ရနိုင်မယ့်နည်းလမ်း | <br> |

| | | | |
|---|---|---|---|
| | | ဖြစ်ပါတယ်။ ပြန်မမှတ်မိတာမျိုးဆိုလျှင် သက်ဆိုင်ရာအခန်းရဲ့ စာမျက်နှာကိုသွားပြီး ပြန်လေ့လာရင်လည်း ရပါတယ်။<br>• TRYမှာတော့ ဘာသာစကားလေ့လာတာအပြင် ကစားရတာပျော်ရွှင်စေနိုင်မယ့် မေးခွန်းများကိုလည်း ထည့်ထားပါတယ်။<br>• 「～にいきましょう」ဆိုလျှင် တူညီတဲ့ရုပ်ပုံလေးတွေရဲ့ နေရာအထိ ကျော်သွားလို့ရပါတယ်။ |  |
| မိနစ် | Can-do Check | • ယနေ့အတန်း၏ ရည်ရွယ်ချက် (Can-do) ပြီးမြောက်ခဲ့လားပြန်လည်စစ်ဆေးကြမယ်။<br>○ Can-doကိုဖတ်ပြီး ☆ကြယ်ဘယ်နှလုံးပေးခဲ့တယ်ဆိုတာကို အတန်းထဲမှာ မေးကြည့်မယ်။ မိမိကိုယ်တိုင် အကဲဖြတ်မယ်။<br>○ လွယ်ကူတဲ့ ဂျပန်စာကို နားထောင်ပြီး စက္ကူအလှခေါက်တတ်လာမယ်။<br>○ လွယ်ကူတဲ့ ဂျပန်စာကိုသုံးပြီး ဂျပန် board game ကစားတတ်လာမယ်။<br>အချိန်ပိုလျှင်「စိတ်ဝင်စားစရာကောင်းခဲ့တဲ့အချက်」「သတိပြုမိတဲ့အချက်」「ပျော်ရွှင်စရာကောင်းခဲ့တဲ့အပိုင်း」「ပိုပြီးသိချင်တဲ့အကြောင်းအရာ」 စတာတွေကို မေးမြန်းကြည့်လို့လည်း ရပါတယ်။ |  |

わくわく
にほんご
ဝခုဝခု ဂျပန်စာ



pdf file နဲ့ audio file များကို အထက်ပါ QR codeကို scanဖတ်ပြီး အခမဲ့ ဒေါင်းလုတ်ရယူနိုင်ပါသည်